


# ဒီအပြုံးသည်
# ဉာဏ်ပြုံးလား၊ တဏှာပြုံးလား

၁၈၅

ဟောကြားသည့်နေ့
(၅-၁၀-၆၁)

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၂၁)မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဒီအပြုံးသည် ဉာဏ်ပြုံးလား တဏှာပြုံးလား

ဟောကြားသည့်နေ့ (၅-၁၀-၆၁)

ဒကာ ဒကာမတွေ တရားအားထုတ်ရတယ်ဆိုတဲ့ဥစ္စာ ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒါလောက် တိုက်တွန်းပါလိမ့်မလဲလို့ မေးတော့ကို ဒကာ ဒကာမတွေ သန္တာန်မှာ တရားတွေရှိနေလို့ တရားအားထုတ်ခိုင်းတယ်လို့ အောက်မေ့ရမယ် . . . (မှန်ပါ့ဘုရား)။

## တရားတွေရှိနေလို့တရားအားထုတ်ခိုင်းတာ

တရားတွေဟာ ခန္ဓာကိုယ်ထဲမှာ ရှိပြီးနေတော့ ဒီတရားတွေကို အားထုတ်ရမယ်ဆိုတဲ့ ဥစ္စာ ဟောထားတယ် . . . (မှန်ပါ့) ဒီတရားက မည်းနက်တဲ့တရားတစ်မျိုး. . . (မှန်ပါ့) ဖြူစင်တဲ့တရားတစ်မျိုး . . . (မှန်ပါ) မမည်း-မဖြူတဲ့တရားတစ်မျိုး . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

အားလုံး ဒကာ ဒကာမတွေ ဒီနေ့ သေသေချာချာမှတ်ပါ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ တရားသည်ကားလို့ဆိုလို့ရှိရင်

၁။ မည်းနက်တဲ့တရားလည်းရှိတယ် . . . (မှန်ပါ့)

၂။ ဖြူစင်တဲ့တရားလည်းရှိတယ်. . . (ရှိပါတယ်) တစ်ခါတလေ

၃။ အမည်းအဖြူရောတဲ့တရားလည်း . . . (ရှိပါတယ်)

၄။ မမည်း-မဖြူတဲ့ တရားလည်း . . . (ရှိပါတယ်) ဩော် . . . ဒကာ ဒကာမတွေ သန္တာန်မှာ တရားက လေးမျိုးတောင်ရှိ နေတယ်လို့ မှတ်ရမယ် . . . (မှန်ပါ့ဘုရား)။

ခန္ဓာထဲမှာတရားဘယ်နှစ်မျိုးရှိပါလိမ့်. . . (လေးမျိုးရှိပါတယ်ဘုရား) လေးမျိုး-လေးမျိုး၊ သေသေချာချာမှတ်ပါ၊ ဩော် . . . ဒါဖြင့် တရားနာကြတယ်ဆိုတော့ ဒီတရားလေးမျိုးကို သိဖို့ အရေးကြီးတယ် . . . (မှန်ပါ့)။

တရားနာတဲ့ ဒကာ ဒကာမတွေ ခန္ဓာကိုယ်ထဲမှာ တရား လေးမျိုးရှိတယ်နော်. . . (မှန်ပါ့) တရားလေးမျိုးရှိပြီး သကာလ နေတော့ ဒီတရားလေးမျိုးကို ဂရုစိုက်ပြီးသကာလ ကြော်. . . ဒီတရားက ရှိထိုက်တဲ့တရား၊ ဒီတရားက မရှိထိုက် တဲ့တရား. . . ၊ ဒီတရားတော့ဖြင့် ရှိပြန်လည်း အရောအနှော ဖြစ်နေလို့ မကောင်းတဲ့တရား၊ ဒီတရားသည် မမည်း-မဖြူတဲ့ တရား၊ ဒီတရားကို ကိုယ်ပိုင်တရားလုပ်ရမှာပဲဆိုတာ ဒကာသစ် အရေးကြီးတယ်. . . (အရေးကြီးပါတယ်ဘုရား)။

## ခန္ဓာကိုယ်ထဲမှာတရားလေးမျိုးရှိတယ်

ဒါ့ကြောင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ တရား လေးမျိုးရှိတယ်လို့ စောစောမှတ်ထားပါ. . . (မှန်ပါ့) တရား ဘယ်နှစ်မျိုးရှိပါလိမ့်. . . (လေးမျိုးရှိပါတယ်ဘုရား)။

လေးမျိုးရှိတယ်ဆိုတာ သေသေချာချာ မှတ်ထားတော့မှ ကြော်. . . ဒို့သည်ကားလို့ဆိုရင် တရားနှစ်မျိုးတည်း အောက်မေ့ နေတယ်. . . (မှန်ပါ့) ကောင်းတာနဲ့ မကောင်းတာ ဒီနှစ်မျိုးတည်း သာ မှတ်ထားတော့ ဒကာကွယ်လွဲနေပြီ. . . (လွဲနေပါပြီ ဘုရား)။

ဒကာ ဒကာမတွေ တရားနှစ်မျိုးပဲရှိတယ်လို့ ထင်ကြ တယ် . . . (ထင်ကြပါတယ်) ကောင်းတာနဲ့ မကောင်းတာ

တရားနှစ်မျိုးရှိတာပဲလို့ ဒီလိုအောက်မေ့နေကြတော့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဉာဏ်နဲ့ ဝေဖန်လိုက်တဲ့အခါကျတော့မှ မင်းတို့ဒီလိုအောက်မေ့မနေနဲ့ တရားလေးမျိုးရှိတယ်ဆိုတာ သေသေချာချာမှတ်ရမယ်. . . (မှန်ပါ)။

တရား ဘယ်နှစ်မျိုးရှိပါလိမ့်. . . (လေးမျိုးရှိပါတယ်) လေးမျိုးမှတ်ထားကြစမ်းပါ ဒကာ ဒကာမတွေ. . . (မှန်ပါ့)။

## မှန်မှန်ကန်ကန် သိစေချင်တယ်

ဘုန်းကြီးက ဒီဒကာ ဒကာမတွေကို ထိုးထိုးထွင်းထွင်း မှန်မှန်ကန်ကန် ဇာစ်ဇာစ်မြစ်မြစ်ကို သိစေချင်တယ်. . . (မှန်ပါ့)။

အဲဒီတော့ ဒကာ ဒကာမတွေ သိထားတာကလည်း အသိကနည်းတော့ ပြောသံကြားနဲ့ သိထားတာကိုး၊ အကောင်းနဲ့ အဆိုးရှိတာပဲကွာ အကောင်းဆောင်ပြီး အဆိုးရှောင်ရင် ပြီးတာပဲ . . . (မှန်ပါ့)။

## တကယ့်လိုရင်းတွေ ဟာနေသေးတယ်

ဩော်. . . ကိုယ့်ဉာဏ်ကလေး မှီသလောက်နဲ့ ကိုယ်ထောက်ပြန်တော့ တကယ့်လိုရင်းတွေ ဟာနေပါသေးသလား ဆိုတာ ဒကာသစ်ရေ ရှင်းကြည့်မှသိတယ်. . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတွေ တရားရှင်းကြပါစို့ လို့ဆိုတော့ ဒကာ ဒကာမတို့ ပစ္စည်းရှာကြတယ်ဆိုတာ ဒကာ ဒကာမတွေ ဒီခန္ဓာကိုယ်ကြီးအတွက်နဲ့ ပစ္စည်းရှာကြတယ်နော် . . . (မှန်ပါ့)။

ဒါက ခန္ဓာငါးပါး ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်ကြီး ထားပါတော့ ဒကာကြွယ် . . . (မှန်ပါ့) ဒီခန္ဓာကိုယ်ကြီး အကြောင်းရင်းခံပြီးသကာလတဲ့ ခန္ဓာက ဘာခန္ဓာတုံးဆိုတော့ ဝေဒနာက္ခန္ဓာ. . . (မှန်ပါ့ဘုရား)။

## ခန္ဓာကဘာခန္ဓာပါလိမ့်

ခန္ဓာက ဘာခန္ဓာပါလိမ့်. . . (ဝေဒနာက္ခန္ဓာပါဘုရား) ရူပက္ခန္ဓာစားချင်လို့ ဒါလောက်ကိစ္စမရှိဘူး. . . (မှန်ပါ့) ဝေဒနာ ခံစားချင်လို့ ရှာကြတာ. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ချမ်းသာချင်ကြသလားလို့ မေးလို့ရှိရင် ဖြင့် ဘယ့်နှယ်ဖြေကြမလဲ. . . (ချမ်းသာချင်ပါတယ်ဘုရား) ချမ်းသာချင်တယ်ဆိုတဲ့ဥစ္စာ လာကြမယ်. . . (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီးထဲမှာ ချမ်းသာတဲ့ဝေဒနာက ပါပြီးသား . . . (မှန်ပါ့) ချမ်းသာတဲ့ ဝေဒနာကြီးက ပါပြီးသားဖြစ်နေတော့ ဒီဝေဒနာ့အတွက်ဟာ ဒကာသစ်တို့က ဒီခန္ဓာကိုယ်ကြီးနဲ့

ပတ်သက်ပြီး သကာလ သူတို့ ခင်ကြမင်ကြတယ်. . . (မှန်ပါ့)
ဒီခန္ဓာကိုယ်ကြီးကို ဝေဒနာကို ခင်ကြတယ်. . . (မှန်ပါ့)
ခန္ဓာကိုယ်ကြီးဟာ ဝေဒနာက္ခန္ဓာနော် . . . (မှန်ပါ့)
ဝေဒနာက္ခန္ဓာ မခင်ကြဘူးလား. . . (ခင်ကြပါတယ်ဘုရား)။

ဩော်. . ခန္ဓာကြီးကလည်း သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာနဲ့ ဝေဒနာက္ခန္ဓာကြီးပေါ့ဗျာ. . . (မှန်ပါ့) ဒီဝေဒနာက္ခန္ဓာကြီးကို ဒကာ ဒကာမတွေက မသိတော့ခင်ကြတယ်. . . (ခင်ကြပါတယ်) ဒါ့ကြောင့် **ဝေဒနံပစ္စယာ တဏှာ** . . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

## ၁။ ခန္ဓာခင်တာတဏှာပဲ

ဝေဒနံပစ္စယာ (တဏှာပါဘုရား) ဩော်. . . ခန္ဓာခင်တာ တဏှာပဲ. . . (မှန်ပါ့) ခန္ဓာခင်တာ ဘယ့်နှယ်ဆိုကြမလဲ. . . (တဏှာပါဘုရား)။

ခန္ဓာခင်တာ တဏှာဆိုတော့ ဒီတဏှာရှိနေတော့ ဩော် . . . ဒီခန္ဓာကြီးကိုခင်တယ်၊ ဒီခန္ဓာကြီးကို ခင်လို့ရှိရင်ဖြင့် ဒီခန္ဓာကြီးကို ကျွေးဖို့-မွေးဖို့ရှာမှုပဲ. . . (မှန်ပါ့) ရှာတဲ့ တဏှာက နောက်ထပ်ပွားလာတယ်. . . (ပွားလာပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနံပစ္စယာတဏှာ. . . (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်းပါပြီ) **တဏှာပစ္စယာ ဥပါဒါနံ** . . . (မှန်ပါ့ဘုရား)။

## ၂။ ပရိဒေဝသနကာရှာမှီးတာ

တဏှာအကြောင်းရင်းခံပြီး, ဘာဖြစ်သတုံး ... (ပရိဒေဝသနဖြစ်ပါတယ်) ပရိဒေဝသနကလည်း ရှာမှီးတာ... (မှန်ပါ့)။

ဩော်...ဒကာ ဒကာမတွေ ဘာများလုပ်နေကြသတုံးမေးတဲ့အခါကျတော့၊ တပည့်တော်တို့ခန္ဓာကိုယ်ကြီးကို တပည့်တော်တို့ခင်တဲ့အတွက် တပည့်တော်တို့ စီးပွားရှာကြတယ်... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)

ဘာလုပ်ကြပါလိမ့်... (စီးပွားရှာပါတယ်) အင်း... ဒကာကြွယ် လက်သည်ရှာလိုက်တော့... ဩော်... ဒီခန္ဓာကို ခင်လွန်းလို့ရှာတာကိုး... (မှန်ပါ့) ဦးမာဒင်တို့ လက်သည်ရှာပါ... (မှန်ပါ့ဘုရား)။

## တဏှာသည် အညွှန့်ထွက်လာတယ်

ဒီခန္ဓာကြီးကို... (ခင်လွန်းလို့ရှာတာပါ) ဒီခန္ဓာခင်တာက တဏှာ... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ) ဒီတဏှာရှိလာတော့ ဒီတဏှာသည် အညွှန့်ထွက်လာတယ်... (မှန်ပါ့) ဘယ်လိုအညွှန့်ထွက်လာသတုံးမေးတော့ ဒီတဏှာပေါ်ကနေပြီး ရှာတဲ့တဏှာဆိုတဲ့ အညွှန့်ပေါက်လာတယ်... (ပေါက်လာပါတယ်ဘုရား)။

အဲဒီမှာ ဒကာ ဒကာမတို့ ဝေဒနံပဋိစ္စ တဏှာ. . . (မှန်ပ့ါ) တဏှာ ပဋိစ္စ. . . (ပရိယေသနာပါဘုရား) ပရိယေသန လို့ မှတ်ထားလိုက်စမ်းပါ. . . (မှန်ပ့ါဘုရား) တဏှာအကြောင်း ရင်းခံပြီး ပရိယေသနတဏှာပေါ်ပြန်တယ်. . . (မှန်ပ့ါ)။

ဩော်. . . ဒကာ ဒကာမတွေ စီးပွားရှာကြတာလား၊ တဏှာပွားနေကြတာလား မေးကြပါစို့ (တဏှာပွားနေကြတာ ပါဘုရား)။

ဒါ. . . ဘာမှ သံသယမရှိပါနဲ့၊ မဟာနိဒါနသုတ် ပါဠိတော်၌ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ရှင်အာနန္ဒာ က ပဋိစ္စသမုပ္ပါဒ်လွယ်ပါတယ်လို့ ပြောတော့ မလွယ်ဘူးကွ၊ မင်း-ဖြစ်နေတာကို မင်းမသိဘူးလို့ပြောတာ. . . (မှန်ပ့ါ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒါက ခန္ဓာကြီးပေ့ါဗျာ (မှန်ပ့ါ) အခု တရားနာနေကြတဲ့ အားလုံး ဒကာ ဒကာမတွေရဲ့ ခန္ဓာ ခင်တဲ့တဏှာ. . . (မှန်ပ့ါ)။

## ရှာတဲ့တဏှာပွားလာတယ်

ခန္ဓာခင်တဲ့တဏှာရှိနေလို့ ဒကာ ဒကာမတွေ ကိုယ့်ခန္ဓာ အတွက်လည်း ရှာရမှာပဲ. . . (မှန်ပ့ါ) သားသမီးခန္ဓာတွေ ခင်တာနဲ့လည်း (ရှာရမှာပါဘုရား) ဩော်. . . ရှာတဲ့တဏှာပွား လာတယ် . . . (ပွားလာပါတယ်ဘုရား)။

ရှာတဲ့တဏှာပွားလာတော့ ဒကာကြွယ်တို့, ဦးမာဒင်တို့, ဦးသန်းမောင်တို့က စဉ်းစားပါ၊ ဪ. . . ခန္ဓာခင်တဲ့တဏှာက ရှာမှီးတဏှာကို ပေါက်ပွားလာအောင် သူလုပ်တာကိုး. . . (မှန်ပါဘုရား)။

ဒါဖြင့် တဏှာသည်ကားလို့ဆိုရင် ဒကာ ဒကာမတွေ ဒီအတိုင်းနေသလား. . . တဲ့၊ ရှာမှီးတဲ့တဏှာကို ပေါက်ပွားစေသလား. . . (ရှာမှီးတဲ့တဏှာကို ပေါက်ပွား စေပါတယ်ဘုရား)။

## အပါယ်ရောက်ရတော့မယ်

လူလားမြောက်ကြပလား၊ ဒို့-လူလားမြောက်တဲ့အချိန်က စပြီးသကာလ ဒကာ ဒကာမတွေက ဒီခန္ဓာခင်လို့ ရှာမှီးခဲ့ကြတာ . . . (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့က ဘာကောင်ကိုက်မှန်းမသိဘူးနော် . . . (မှန်ပါ့) အပါယ်လေးပါးသို့ရောက်ရတော့မယ်. . . (ရောက်ရမှာပါဘုရား) ရှာမှီးတဲ့ တဏှာကြောင့် အပါယ်လေးပါးသို့ . . . (ရောက်ရမှာပါဘုရား) ဘာကောင်ကိုက်မှန်းမသိဘူး ခင်ဗျားတို့ကတော့ ခက်တယ်. . . (မှန်ပါ့)။

## မြွေပွေးငယ်ကိုက်တာ မသေဘူးမထင်နဲ့

ဒါ. . . ထုံးစံပဲဘုရား. . . တပည့်တော်တို့ လူရယ်လို့ ဖြစ်လာရင် ရှာရတာပဲဆိုတော့ ဘုန်းကြီးက မကန့်ကွက်ပါဘူး . . . (မှန်ပါ့) သို့သော်. . . မြွေပွေးငယ်ကလေးကိုက်တာ ခင်ဗျား တို့က မသေဘူးတော့ မထင်နဲ့. . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ)။

ခင်ဗျားတို့ ထုံးတမ်းကတော့ဖြင့် ဒကာကြွယ်တို့လူစု တွေက ကိုယ့်ခန္ဓာခင်ရင်တော့ ရှာရမှာပဲဘုရား. . . (မှန်ပါ့) ကိုယ့်သားမဲယားခန္ဓာခင်ရင်ကော. . . (ရှာရမှာပါပဲဘုရား)။

## မည်းနက်တဲ့တရား

ဒီရှာတဲ့တဏှာသည် ဒကာ ဒကာမတို့ မည်းနက်တဲ့ တရားလား ဖြူစင်တဲ့တရားလား. . . (မည်းနက်တဲ့တရားပါ ဘုရား)။

ဒါဖြင့် ဒါကလေးက ဒကာ ဒကာမတို့ ဒီခန္ဓာထဲပေါ်တာ ပဲ. . . (ပေါ်ပါတယ်ဘုရား) ဒကာ ဒကာမတွေ ခန္ဓာထဲ ပေါ်တာ ပဲ. . . (မှန်ပါ့)။

## ဝါးသီးဟာဝါးပင်ကိုသတ်တယ်

ဒီခန္ဓာထဲပေါ်တော့ ဒီတဏှာသည် ဒကာ ဒကာမတွေ

ကို ဘာလုပ်မှာတုံးလို့ မေးတဲ့အခါကျတော့ အို. . . ဘုရားက ဟောသားပဲ. . .၊ ဝါးပင်ထဲကထွက်လာတဲ့အသီးက ဝါးပင်သေ အောင်သတ်တယ်. . . (မှန်ပါ့) ငှက်ပျောပင်ထဲမှာ ရှိတဲ့အသီးက ငှက်ပျောပင်ကို သေစေတယ်. . . (မှန်ပါ့) လွဲပါ့မလား. . . (မလွဲပါဘုရား)။

ဒီမှာလည်း ခင်ဗျားတို့အထဲမှာ ဖြစ်တဲ့တဏှာက ခင်ဗျားတို့ကိုပဲ အရှာခိုင်းတယ်. . . (မှန်ပါ့) အရှာခိုင်းတဲ့ တဏှာက ခင်ဗျားတို့ကိုပဲ အပါယ်လေးပါးပို့တယ်. . . (မှန်ပါ့) ကြောက်စရာသိပ်ကောင်းပါလား. . . (ကောင်းပါတယ်ဘုရား)။

သို့ပေမယ့် ခင်ဗျားတို့က အရှာလေးကြိုက်သလား- ကြီးကြီးကျယ်ကျယ် ရင်းနှီးပြီးသကာလ အရှာကြီးကြိုက်သလား မေးရင်ဘယ့်နှယ်ဖြေကြမလဲ. . . (အရှာကြီးကြိုက်ပါတယ်ဘုရား) မြေပွေးငယ်ကိုက်လို့ မသေချင်ဘူး. . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## ကံကောင်းတယ်ထင်နေကြတယ်

ဘယ်လိုများ မှတ်ကြပါလိမ့် ဒကာကြွယ်. . . (အရှာကြီးကြိုက်ပါတယ်ဘုရား) ပေါ်ကြပလား ဒကာ ဒကာမ တို့. . . (ပေါ်ပါပြီဘုရား) မြွေပွေးငယ်ကိုက်သေရတာ ကံနည်း တယ်. . . (မှန်ပါ့) မြွေပွေးကြီးကိုက်သေရတာ. . . (ကံကြီး

ပါတယ်ဘုရား) ကံကောင်းတယ် ထင်နေကြတယ်. . . (မှန်ပါ့) ခင်ဗျားတို့ မျက်စိလည်ပုံလေ. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ်လိုပါလိမ့်. . . (မျက်စိလည်ပုံပါဘုရား) မျက်စိလည်လေ ခင်ဗျားတို့က ဆန်ရလေ မဟုတ်ဘူး၊ ခင်ဗျားတို့က အပါယ်ရလေဖြစ်နေတယ်. . . (မှန်ပါ့)။

## မျက်စိလည်လေ၊ အပါယ်သွားရလေပဲ

သီလရှင်တွေ ဆွမ်းဆန်ခံတော့ မျက်စိလည်လေဆန်ရလေဖြစ်တယ်. . . (မှန်ပါ့) မဟုတ်ဘူးလား. . . (မှန်ပါ့) ခင်ဗျားတို့ကျတော့ မျက်စိလည်လေ အပါယ်ရလေပဲ. . . (မှန်ပါ့)။

သို့သော်. . . ဒါတွေကို ဒကာ ဒကာမတွေက အပြစ်တော့မယူကြပါနဲ့ ဟိုအိမ်ကလည်း ဒီအတိုင်းပဲ ရှာနေတယ်. . . (မှန်ပါ့) အရှေ့ဘက်ကအိမ်ကလည်း. . . (ရှာပါတယ်ဘုရား) အနောက်ဘက်ကအိမ်ကလည်း. . . (ရှာပါတယ်) ဒီအတိုင်း ရှာနေတော့ မြွေပွေးတော့ကိုက်နေတယ်. . . (ကိုက်ပါတယ်) ကိုက်ပင်ကိုက်ငြားသော်လည်း ကိုက်တဲ့လူချင်း ကြည့်ပြီးသကာလ သူတို့လည်း ကိုက်နေတာပဲ၊ ဒို့လည်း ကိုက်နေတာပဲ ဘာကိစ္စရှိရမလဲ. . . တဲ့၊ ဘာမှ ကိစ္စမရှိဘူး အပါယ်သွားရုံပဲ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒါ့ကြောင့် ဘုရားက မဟာနိဒါနသုတ်မှာ ဟောတယ် . . . တဲ့၊ "ဝေဒနံ ပဋိစ္စတဏှာ၊ တဏှံ ပဋိစ္စ ပရိယေသနာ" . . . (မှန်ပါ့) ပရိယေသနဆိုတာ ရှာမှီးတဲ့တဏှာ. . . (မှန်ပါ့) ဒီဟာက ခန္ဓာခင်တဲ့တဏှာ. . . (မှန်ပါ့) ဒီဟာက ဘာပါလိမ့် . . . (တဏှံ ပဋိစ္စ ပရိယေသနာပါဘုရား) ရှာမှီးတဲ့တဏှာ . . . (မှန်ပါ့)။

ဦးမာဒင်တို့ ဦးသန်းမောင်တို့ မှတ်လိုက်စမ်း၊ တဏှာနှစ်မျိုးပါလား. . . (နှစ်မျိုးပါဘုရား) ခန္ဓာခင်တဲ့တဏှာက တစ်မျိုး၊ ခန္ဓာခင်လို့ ရှာမှီးချင်တဲ့တဏှာက. . . (တစ်မျိုးပါဘုရား) ဒကာသစ် ဘယ်နှစ်မျိုးရှိသွားပလဲ. . . (နှစ်မျိုးပါဘုရား)။

"တဏှံ ပဋိစ္စ ပရိယေသနာ". . . တဲ့၊ ခင်ဗျားတို့ ဟိုသွားလိုက်-ဒီသွားလိုက်၊ ဒကာသစ်တို့ ချည်ရမည့်ဆီသွားရ၊ ချည်ထည် အရောင်းအဝယ်စုံမည့်ဆီသွားရ. . . (မှန်ပါ့) ဒါ. . . ပရိယေသနပေါ့ဗျာ. . . (မှန်ပါ့)။

ဒါ ဘယ်သူ့ကြောင့် ဒီပရိယေသနဖြစ်ပါလိမ့်မတုံး မေးရင် ဘယ့်နှယ်ဖြေကြမလဲ. . . (တဏှာ့ကြောင့်ပါ) တဏှာကြောင့်ဖြစ်တယ်. . . (မှန်လှပါ)။

ဒီတဏှာကလည်း ဘယ့်နှယ်ကြောင့် ဖြစ်ပါလိမ့်မတုံး၊ မိုးပေါ်ကျလားလို့ မေးတဲ့အခါကျတော့ ဒီခန္ဓာခင်လို့ ပေါ်လာတာ. . . (မှန်ပါ့)။

ဒါဖြင့် ဝေဒနံ ပဋိစ္စ. . . (တဏှာပါ) တဏှံပဋိစ္စ. . . (ပရိယေသနာပါဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ ပရိယေသန ဆိုတာ ထင်ရှားပါပြီး. . . (ထင်ရှားပါပြီဘုရား)။

## အရှာကောင်းတော့ ရကြတယ်

"ပရိယေသနံ ပဋိစ္စ လာဘော"၊ ဩော်. . . ခင်ဗျားတို့က အရှာကောင်းတော့ ရကြတယ်. . . (မှန်ပါ)။

အရှာကောင်းတော့. . . (ရကြပါတယ်ဘုရား) အင်း . . . ရတဲ့သဘောကလေးကလည်း ဒကာသစ်တို့ ဦးမာဒင်တို့ ဦးသန်းမောင်တို့ အလိုလိုရတာလား. . .၊ ရှာမှီးတဲ့ တဏှာကြောင့်ရတာလား. . . (ရှာမှီးတဲ့တဏှာကြောင့် ရတာပါဘုရား) ဒီ ရှာမှီးတဲ့တဏှာကလည်း ဘယ့်နှယ်ကြောင့် သူပေါ်လာပါလိမ့် . . . (ခန္ဓာခင်လို့ပါဘုရား) ခန္ဓာခင်တဲ့တဏှာကြောင့်. . . (မှန်ပါ)။

## ခန္ဓာကြောင့်တဏှာပေါ်တယ်

ဒီတဏှာက အလိုလိုပေါ်တာလားလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ. . . (ခန္ဓာကြောင့်ပါဘုရား) ခန္ဓာကြောင့် ပေါ်တာ . . . (မှန်ပါ) ခန္ဓာကြောင့် တဏှာပေါ်တယ်၊ တဏှာပေါ်သောကြောင့် ရှာမှီးတယ်. . . (မှန်ပါဘုရား) ရှာမှီးလို့ရတယ်. . . (မှန်ပါဘုရား)။

ကဲ-ရပါစေတော့၊ ရတဲ့အခါကျတော့ ခင်ဗျားတို့က ပြုံးပြုံး ပြုံးပြုံးနဲ့ပေါ့ဗျာ. . . (မှန်ပါ့) ဒကာသစ် မပြုံးပေဘူးလား . . . (ပြုံးပါတယ်ဘုရား) နည်းနည်းရရင်တော့ မပြုံးဘူးပေါ့ဗျာ၊ များများရရင်တော့. . . (ပြုံးပါတယ်ဘုရား)။

## ဒီအပြုံးသည်ဉာဏ်ပြုံးလား တဏှာပြုံးလား

ဘယ်သူက အပြုံးခိုင်းသတုံး. . . (ရှာမှီးတဲ့တဏှာက အပြုံးခိုင်းပါတယ်) ဒါဖြင့် ဒီအပြုံးသည် ဉာဏ်ပြုံးလား၊ ဦးမာဒင် တဏှာပြုံးလား. . . (တဏှာပြုံးပါဘုရား)။

အင်း. . . ငါသွားရမည့်လမ်း အပါယ်လေးပါး ရောက်တဲ့အလုပ် လုပ်မိတာနဲ့ ပြုံးများနေလိုက်သေးတယ်. . . (မှန်ပါ့)။

ဖြစ်မှဖြစ်ရပလေ၊ ဒကာကြွယ် ဘယ်သွားရမှာကြောင့် ပြုံးပါလိမ့်မယ်. . . (အပါယ်သွားရမှာကြောင့် ပြုံးတာပါဘုရား) အပါယ်လေးပါးသွားရမှာကြောင့် ပြုံးတယ်. . . (မှန်ပါ့)။

## မြွေပွေးကိုက်နေတာတောင်ပြုံးတုန်း

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ မြွေပွေးကိုက်နေ တာတောင်ပြုံးတုန်းရှိသေးတယ်. . . (မှန်ပါ့ဘုရား) သေမှာ ကတော့ ခဏပဲ. . . (မှန်ပါ့ဘုရား) သို့သော်. . . သူမသေခင်

ဘာလုပ်နေသတုံး. . . (ပြုံးပါတယ်) အင်း. . . ဒါဖြင့် သေခါနီးပြုံး . . . (မှန်ပါ့) သေခါနီးပြုံးမကျဘူးလား. . . (ကျပါတယ်ဘုရား)။

ဦးမာဒင်တို့ ဦးသန်းမောင်တို့ သိပ်ဆိုးပြီ. . . (ဆိုးပါတယ်) ကဲ. . . ဒါဖြင့် ခန္ဓာကြောင့် တဏှာဖြစ်၊ တဏှာရှိလို့ ရှာတဲ့ တဏှာပေါ် လာတယ်. . . (မှန်ပါ့) ရှာတဲ့တဏှာကြောင့် ထိုက်တန်သလောက်ရတယ်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဩော်. . . ဒီ့ ပဋိစ္စသမုပ္ပါဒ်ဟာ ဒါကဟို တစ်သံသရာလုံးလည်တဲ့ ပဋိစ္စသမုပ္ပါဒ်လို့ မဆိုနဲ့ ဒီအိမ်တွင်း ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ပါ. . . (မှန်ပါ့)။

## အိမ်တွင်းလည်တဲ့ပဋိစ္စသမုပ္ပါဒ်

ဒါ-တစ်သံသရာလုံးလည်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဘုရားက ဟောတာမဟုတ်ဘူး၊ အိမ်တွင်းလည်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဘုရားက ဟောတာ. . . (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနံပဋိစ္စတဏှာ၊ တဏှံပဋိစ္စ. . . (ပရိယေသနာပါဘုရား) **ပရိယေသနံ ပဋိစ္စ** လာဘော. . . (မှန်ပါ့) သေသေချာချာ မှတ်ပါ. . . (မှန်ပါ့)။

## ၃။ လာဘောဆိုတာလာဘ်ရွှင်တယ်

ပရိယေသန်ပဋိစ္စ. . . (လာဘောပါဘုရား) လာဘော ဆိုတာ လာဘ်ရွှင်တယ်. . . (မှန်ပါ့) လာဘောဆိုတာ ရတာကြီး . . . (မှန်ပါ့ဘုရား)။

ဒကာကြွယ်ရတော့ ဘယ့်နှယ်ဖြစ်သွားသလဲ. . . (ဝမ်းသာပါတယ်) ပြုံးလာတယ်. . . (မှန်ပါ့)။

ပြုံးလာပဟော့. . .။ နောက်က ဒကာ ဒကာမတွေ ရတဲ့ အခါ ဘယ့်နှယ်နေကြသလဲ (ပြုံးပါတယ်) ပြုံးကြ-ပြုံးကြ ခင်ဗျားတို့ အပြုံးဟာ မသက်သာဘူးနော်. . . (မှန်ပါ့ဘုရား)။

မသက်သာဘူး ဒကာသစ်ရေ. . . (မှန်ပါ့) ဘယ့်နှယ် တဏှာက အပြုံးခိုင်းလို့ ရှာရတဲ့တဏှာက အပြုံးခိုင်းလို့ ပြုံးတာ ပဲ. . . (မှန်ပါ့) ရှာတဲ့တဏှာက မည်းနက်တဲ့တရားလား. . .။ ဖြူစင်တဲ့တရားလား. . . (မည်းနက်တဲ့တရားပါဘုရား)။

## မည်းနက်တဲ့တရားက အပြုံးခိုင်းတာ

မည်းနက်တဲ့တရားက အပြုံးခိုင်းတော့ကို မည်းနက်တဲ့ တရားသည် ဒကာ ဒကာမတို့ မည်းနက်ရာပဲပို့မယ်. . . (ပို့ပါတယ်ဘုရား) သဘောပါပလား. . . (ပါပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် လာဘ်လည်းရပါရောတဲ့ ပစ္စည်း တစ်သိန်းကိုးသောင်းရပါရော "လာဘံ ပဋိစ္စ ဝိနိစ္ဆယော"တဲ့ . . . (မှန်ပါ့ဘုရား)။

ဆုံးဖြတ်ချက်ချတယ်၊ ဒါက သားဖို့၊ ဒါက သမီးဖို့၊ ဒါက အိမ်ယာ တိုက်တာတည်ဖို့၊ ဒါက အခုရင်းနှီးဖို့. . . (မှန်လှပါ) အံမာလေး. . . အတော်ကျယ်လာတယ်. . . (ကျယ်လာပါတယ် ဘုရား)။

## ၄။ ဝိနိစ္ဆယဆိုတာ ဆုံးဖြတ်ချက်ချတယ်

အတော်ကျယ်လာတယ်၊ **လာဘံ ပဋိစ္စ ဝိနိစ္ဆယော**တဲ့ ဆုံးဖြတ်ချက်ချတယ်. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ဘာလုပ်သတုံး. . . (ဆုံးဖြတ်ချက်ချပါတယ်) ချကောချဖူးရဲ့လား. . . (ချဖူးပါတယ်ဘုရား)။

အင်း. . . အခု ဒို့အရင်းအနှီးကလေးက အရင်နဲ့မတူဘူးကွ နည်းနည်းကလေးချဲ့ကြစို့ကွာ. . . (မှန်ပါ့) တိုးတိုးတိတ်တိတ်ပေါ့လေဗျာ. . . (မှန်ပါ့) ဘာဖြစ်လို့တုံး အပါယ်သွားမလို့ စည်းဝေးတာကိုး. . . (မှန်ပါ့) မတော့်လူသိကုန်ရင် ခက်တယ် . . . (မှန်လှပါ့ဘုရား)။

အဲဒီလိုဖြစ်ပြီးသကာလနေတော့ **လာဘံ ပဋိစ္စ ဝိနိစ္ဆယော တဲ့** . . . (မှန်ပါ့)။

လာဘံ ပဋိစ္စ. . . (ဝိနိစ္ဆယောပါ) ဒါကလေးတွေ ရ,ထားရမယ်နော်. . . (မှန်ပါ့) ရ,ထားရမှာက ဒကာသစ်ရစေချင်တာက တခြားကြောင့်မဟုတ်ဘူးတဲ့ ဆူးမှန်းသိတဲ့အခါ

ကျလို့ရှိရင်ဟာ. . . ဖိပြီးမနင်းတော့ဘူး. . . (မှန်ပါ့) နို့မဟုတ်လို့ ရှိရင်ဖြင့် သေခြင်းဆိုးလမ်း အတင်းပြေးမှာ စိုးတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။ ဘယ်လမ်းအတင်းပြေးမှာစိုးပါလိမ့်. . . (သေခြင်းဆိုးလမ်း အတင်းပြေးမှာစိုးပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ရှင်အာနန္ဒာက ဦးမာဒင်တို့ ဦးသန်းမောင်တို့ ပဋိစ္စသမုပ္ပါဒ်လွယ်ပါတယ်တဲ့. . . (မှန်ပါ့)။

ရှင်အာနန္ဒာက ဘုရားဆီသွားလျှောက်တယ်. . . (မှန်ပါ့) တပည့်တော်ဘုရား. . . သောတာပန်ဉာဏ်နဲ့ တွေးလိုက်တယ် ပဋိစ္စသမုပ္ပါဒ်မှာ တော်တော်ထင်ထင်မြင်မြင်ရှိတယ် . . . (မှန်ပါ့ဘုရား)။

## မင့်ဉာဏ်ကလေးကလက်နှစ်သစ်

အို. . . မင့်ဟာက မင်းအမြင်နဲ့ မင်းပြောနေတာ မင့်ဉာဏ်ကလေးက လက်နှစ်သစ်လောက်ရှိတယ်၊ ကဲကွာ ဒါဖြင့် မင်းပဋိစ္စသမုပ္ပါဒ်လွယ်တယ်ဆိုတော့ အိမ်တွင်းပဋိစ္စသမုပ္ပါဒ် ကြည့်စမ်းဆိုတော့ ပြောကိုမပြောနိုင်ဘူး. . . (မှန်ပါ့ဘုရား)။

အခု ဒကာ ဒကာမတွေလည်း ဟို ပဋိစ္စသမုပ္ပါဒ်ကြီး တော့ စာအုပ်ထဲကျက်ထားလို့ ဒကာသစ်တို့ရတယ်. . . (ရပါတယ်) ကိုယ့်သန္တာန်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကျတော့ သိတောင်မသိလိုက်ဘူး. . . (မသိပါဘုရား)။

ကိုယ့်သန္တာန်ဖြစ်တဲ့ပဋိစ္စသမုပ္ပါဒ်ကျတော့. . . (သိတောင်မသိလိုက်ပါဘုရား) ဟိုစာအုပ်ထဲကဟာကျတော့ . . . (သိပါတယ်ဘုရား)။

စာအုပ်ထဲကဟာကျတော့ သိကြတယ် ကျက်ကြတယ် . . . ၊ ဦးမာဒင်ကြီးတို့များည, ဖောင်လို့ပေါ့ဗျာ ရွတ်ကြတယ် . . . (မှန်ပါ့) ကိုယ်တိုင်ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကျတော့. . . (မသိပါဘုရား)။

ဒါ့ကြောင့် ရှင်အာနန္ဒာက သူသိသယောင်ယောင် ရှိတယ်ဆိုတော့ အို. . . မင်းသိတာ နည်းနည်းပါကွဆိုပြီးတော့ ဒါကို ဟောတော်မူတယ်. . . (မှန်ပါ့ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အားလုံး ဒကာ ဒကာမတို့ ဒါ အိမ်တွင်းပဋိစ္စသမုပ္ပါဒ် . . . (မှန်ပါ့) ဘာပဋိစ္စသမုပ္ပါဒ်တုံး. . . (အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

ကိုင်း. . . ဒါဖြင့် ဝေဒနံပဋိစ္စ. . . (တဏှာပါ) တဏှံ ပဋိစ္စ. . . (ပရိယေသနာပါ) ပရိယေသနံပဋိစ္စ. . . (လာဘောပါ) လာဘောလာဘ်ရတယ်နော်. . . (မှန်ပါ့) လာဘံ ပဋိစ္စ ဝိနိစ္ဆယော. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ လာဘံပဋိစ္စ. . . (ဝိနိစ္ဆယောပါ) ဆုံးဖြတ်ချက်ချတယ်. . . (မှန်ပါ့ဘုရား)။

## ဆုံးဖြတ်ချက်ချနေလိုက်တာ

ပစ္စည်းကိုတစ်ခါတည်း ကြွေးပေးစရာရှိတယ် ပေးလိုက်ကွ. . . (မှန်ပါ့) ဒါက အိုစာ-မင်းစား သိမ်းကွ၊ ဒါက အမြတ်တော်ကြေးအတွက် ခွဲထားလိုက်ကွ . . . (မှန်ပါ့)။

အံမာလေး. . . တစ်ခါတည်း ဒကာကြွယ်ဆုံးဖြတ်ချက်ချနေလိုက်တာ. . . (မှန်ပါ့) မချကြဘူးလား . . . (ချပါတယ်) ဒီအတိုင်း ရမ်းနေလို့ကော ဖြစ်ကဲ့လား. . . (မဖြစ်ပါဘုရား)။

ဒီဆုံးဖြတ်ချက်ချတာကလည်းတဲ့ ဘာနဲ့ ဆုံးဖြတ်ချက်ချသတုံးလို့ဆိုတော့ တဏှာဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက်ချတယ်. . . (မှန်ပါ့) ဒါက ကိုယ်သိမ်းရမယ်ဆိုတဲ့တဏှာ. . . (မှန်ပါ့)။

ဒီဟာကတော့ ငါ့ဟာ အပိုင်လုပ်ရမှာကွ ဒီဥစ္စာကတော့ ထားလို့သိုလို့ကိုရတယ်၊ ဒီဟာမထိစေနဲ့တဲ့. . . ၊ မဟုတ်ဘူးလား . . . (မှန်ပါ့ဘုရား)။

ဒီဝိနိစ္ဆယက ဒါကငါ့သားဖို့၊ ဒါက ငါ့သမီးဖို့ဆိုတဲ့ ဒိဋ္ဌိဝိနိစ္ဆယလည်းပါတယ်. . . (ပါ-ပါတယ်) တဏှာဝိနိစ္ဆယလည်း . . . (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တဏှာနဲ့လည်း ဆုံးဖြတ်ချက်ချတယ်. . . (မှန်ပါ့) ဒိဋ္ဌိနဲ့ကော. . . (ဆုံးဖြတ်ချက်ချပါတယ်ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## ဝိန်ညာဏဆိုတာဆုံးဖြတ်ချက်ချတာ

ဒါဖြင့် ဝိညာဏဆိုတာသည် ဆုံးဖြတ်ချက်ချတာ. . . (မှန်ပါ့) ရလာတဲ့ပစ္စည်းကိုဝေပုံ-ပုံတာပေါ့ဗျာ. . . (မှန်ပါ့) ဒါက ငါ့ဖို့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) ဟိုဟာက ငါ့သား ငါ့သမီးဖို့. . . (မှန်ပါ့) ဒါက မင်းဖို့၊ စိုးဖို့. . . (မှန်ပါ့) မလာကြဘူးလား. . . (လာကြပါတယ် ဘုရား) ဒါ ဝိညာဏချတာ . . . (မှန်ပါ့)။

ဘယ်လိုချချတဲ့. . . ဒီဥစ္စာ ဘုရားက တဏှာနဲ့ဒိဋ္ဌိ ဖြစ်နေတာကွတဲ့. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘယ်လိုပါလိမ့်. . . (တဏှာနဲ့ ဒိဋ္ဌိ ဖြစ်နေတာပါဘုရား)။

အင်း. . . တဏှာနဲ့ ဒိဋ္ဌိဖြစ်နေတာ ဦးသန်းမောင်တို့. . ဦးမာဒင်တို့ လူစုတွေက ဒကာသစ်တို့လူစုတွေက လူသိမှာ စိုးတယ်. . . (စိုးပါတယ်ဘုရား)။

လူသိမှာစိုးတယ်၊ ဘာဖြစ်လို့တုံး. . . တဏှာဖြစ်တာကို လည်း လူသိမှာစိုးတယ်၊ ဒိဋ္ဌိဖြစ်တာကိုလည်း. . . (လူသိမှာ စိုးပါတယ်ဘုရား) ဖြစ်တာကတော့ ဘာဖြစ်နေသလဲ . . . (တဏှာနဲ့ဒိဋ္ဌိဖြစ်နေပါတယ်ဘုရား) တဏှာနဲ့ ဒိဋ္ဌိဖြစ်နေတယ် ဆိုတာ သေချာပလား. . . (သေချာပါတယ်ဘုရား)။

## တဏှာနဲ့ဒိဋ္ဌိတွေ့တယ်

ဒါက ငှါသားသမီးဖို့၊ ဒါ ငါ့ရင်းဖို့ဟုတ်လား. . . (မှန်ပါ့) ဆိုတော့ ဒိဋ္ဌိက မပါဘူးလား . . . (ပါ-ပါတယ်ဘုရား) ဒါက သိမ်းဆည်းထားဖို့ဆိုတော့ တဏှာမပါဘူးလား. . . (ပါ-ပါတယ် ဘုရား)

ဒါဖြင့် ဆုံးဖြတ်ချက်ချနေတဲ့အခါမှာ ဘယ်သူလက်သည် ပါလိမ့်မတုံး. . . လက်သည်အရင်းကျကျရှာတော့ ဘာတွေ့ သတုံး. . . (တဏှာနဲ့ဒိဋ္ဌိတွေ့ပါတယ်ဘုရား)။

ဒါ့ကြောင့် ဒကာ ဒကာမတို့ "လာဘံ ပဋိစ္စဝိနိစ္ဆယော" (မှန်ပါ့) တဏှာ ဒိဋ္ဌိပေါ်လာသကွတဲ့. . . (မှန်ပါ့) သဘောကျ ပလား. . . (ကျပါပြီဘုရား)။

အင်း. . . ဒီအလုပ်ကို ဒကာသစ်ရေ - ကိုယ်ကတော့ အမြဲလုပ်နေတာပဲ၊ လုပ်ပေမယ့်လည်း အကုသိုလ်လို့ မည်းနက် တဲ့တရားလို့ကော ထင်ရဲ့လား. . . (မထင်ပါ) ဦးမာဒင်ကြီးတို့ ထင်ဖူးရဲ့လား. . . (မထင်ဘူးပါ) အံမာလေး. . . မထင်ဘူးပေ မယ့် မည်းနက်တာပဲ . . . (မှန်ပါ့ဘုရား)။

မထင်ဘူးပေမယ့် . . . (မည်းနက်နေပါတယ်) ဒကာကြွယ်တို့လည်း ထင်ဖူးရဲ့လား. . . (မထင်ဘူးပါ) အခု သေသေချာချာကြည့်တော့ ဘယ့်နှယ်တုံးတဏှာ, ဒိဋ္ဌိနဲ့ဆုံးဖြတ် ချက်ချတာ. . . (မှန်ပါ့) တဏှာကလည်း အမည်းပဲ၊ ဒိဋ္ဌိ

ကလည်း အမည်းပဲ. . . (မှန်ပါ့) ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

ဪ. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခုမကောင်းတာကိုတော့ဖြင့် ဘုရားဟောတော်မူတဲ့အတိုင်း ရှင်းပြ ရဦးမှာပဲ. . . (မှန်ပါ့ဘုရား)။

## အမှားရှိရင်အမှန်ရှိရမယ်

သို့သော် ဒီလမ်း ဒီစခန်းကို ဆရာကောင်း, သမားကောင်းနဲ့ တွေ့ပြန်တော့လည်း ဒကာသစ်ရေ ဒါတွေမဖြစ်ပါဘူး. . . (မှန်ပါ့) ဒါတွေမဖြစ်ပါဘူးတဲ့ သူ့နည်းနဲ့သူ အနာရှိ ဆေးရှိဆိုသလိုပဲ ဒကာကြွယ်ရေ. . . (မှန်ပါ့) ဦးလှဘူး အမှားရှိရင်အမှန်ရှိရမယ်. . . (မှန်ပါ့ဘုရား)။

သို့သော် ခင်ဗျားတို့မှာ ဒီလိုဆရာသမားတွေနဲ့ မတွေ့ပြီဆိုတော့ ဒီအမှားဟာ အစဉ်လိုက်သွားတော့မှာပဲ. . . (မှန်ပါ့) အပါယ်ကျအောင်သွားမယ်. . . (သွားမှာပါ) မသွားပေဘူးလား. . . (သွားမှာပါဘုရား)။

ကဲ. . . ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ဟာ ဒကာသစ် သူများပဋိစ္စသမုပ္ပါဒ်လား ကိုယ့်ဝမ်းထဲတွင်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်လား. . . (ကိုယ့်ဝမ်းထဲတွင် ဖြစ်တဲ့ပဋိစ္စသမုပ္ပါဒ်ပါ) ကိုယ့်ဝမ်းထဲတွင်ဖြစ်တာဖြင့် ကိုယ့်အိမ်သားလိုဖြစ်နေတယ်. . . (မှန်ပါ့) ပစ္စည်းတွေများပုံနေတဲ့အခါကျလို့ရှိရင်လေ. . . (မှန်ပါ့ဘုရား)။

## ဝေပုံကျချတယ်

ပစ္စည်းကို သိုလှောင်ရမည့်ပစ္စည်း၊ ဒါက အခုထုတ်ပြရမည့်ပစ္စည်း အစရှိသည်နဲ့၊ ဒါက အရေးကြုံမှ ထုတ်ရမှာ၊ ဒါက ဘယ်လကျလာလို့ရှိရင် ဒီလမကုန်လို့ရှိရင် အလကားဖြစ်ပါလိမ့်မယ်၊ အရှုံးခံပြီး တွန်းထုတ်အစရှိသည်နဲ့ ဝေပုံကျတွေကော မရှိဘူးလား. . . (ရှိပါတယ်) ဒါတွေက ဝိနိစ္ဆယပဲ. . . (မှန်ပါ့ဘုရား)။

ဝိနိစ္ဆယဆိုတာ ဒကာသစ် ဘာတဲ့တုံး. . . (ဝေပုံကျပြုတာပါ) ဆုံးဖြတ်ချက်. . . (မှန်ပါ့) ဝေဖန်ပိုင်းခြားပြီး ဆုံးဖြတ်ချက်ချတာ. . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အင်း. . . ဒါက များသောအားဖြင့် ဒကာကြွယ်ရေအိမ်ခေါင်းဆောင်က လုပ်သလား အိမ့်နောက်လိုက်က လုပ်သလား. . . (အိမ့်ခေါင်းဆောင်ကလုပ်ပါတယ်) ဩော်. . . ခေါင်းဆောင်ဖြစ်ရမှာများ ကြောက်စရာကြီးပါလား. . . (မှန်ပါ့) သူကရှေ့က အပါယ်သွားမယ်ပြောတာ. . . (မှန်ပါ့ဘုရား)။

## ငါ့ဟာငါအပါယ်သွားစမ်းပါရစေ

သူကရှေ့က. . . (အပါယ်သွားမယ်ပြောတာပါ) အဲဒါကို ခင်ဗျားတို့က သူများကဝင်ရှုပ်လို့ ဒီဝိနိစ္ဆယချနေတုန်း ဒါက

ဘာ့ဖို့-ဒါက ဘာဖို့-ဒါက ဘာဖို့ဆိုပြီး တစ်ယောက်ကများ ဝင်ပြီး စကားထောက်လိုက်တဲ့အခါကျတော့ ဒကာသစ်က ကျေနပ်ကဲ့ လား. . . (မကျေနပ်ပါ) မသိဘဲနဲ့ မပြောစမ်းပါနဲ့လို့ အံမာ. . . အော်များထုတ်လိုက်သေးတယ်. . . (မှန်ပါ့) ငါ့ဟာငါ အပါယ်သွားစမ်းပါရစေ(မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ငါ့ဟာငါဘာတဲ့တုံး. . . (အပါယ်သွားစမ်းပါရစေ) မရှုပ်စမ်းပါနဲ့၊ မင်းတို့ကန့်လန့်-ကန့်လန့် မလိုက်ပါနဲ့ . . . (မှန်ပါ့) အံမာ တစ်ယောက်တည်း သွားမည့်အဓိပ္ပါယ် . . . (မှန်ပါ့ဘုရား)။

ဒီအဓိပ္ပါယ်ကျအောင် ဦးမာဒင် သိခဲ့တယ်နော်. . . (သိခဲ့ပါတယ်) အခုဆုံးဖြတ်ချက်ချတာက တဏှာနဲ့ ဒိဋ္ဌိတဲ့. . . (မှန်ပါ့) သဘောကျကြပလား. . . (ကျပါပြီဘုရား)။

ဘယ်သူပါလိမ့်ဗျာ. . . (တဏှာနဲ့ဒိဋ္ဌိပါ) တဏှာနဲ့၊ ဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက်ချနေတာ ဟိုအိမ်မှာ တိုးတိုး-တိုးတိုး- ဒီအိမ်မှာ တိုးတိုး-တိုးတိုး လူခြေတိတ်မှ ပြောတဲ့ အသွားတွေဟာ ဒကာသစ် ဘာထင်သတုံးဗျ-ဆုံးဖြတ်ချက်ချနေတာ. . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီ)။

ဒကာကြွယ်တို့ တိုးတိုး တိုးတိုးဟာ သဘောပါပလား . . . (ပါပါပြီ) ဘာတွေလုပ်နေကြသတုံး. . . (ဆုံးဖြတ်ချက်ချ

နေကြတာပါ) ဘယ်သွားမလို့တုံး. . . (အပါယ်သွားမလို့ပါ ဘုရား)။

အံမာလေး ကျယ်ကျယ်ပြောလိုက်ရတာက သူများကြား တော်သေးသဗျာ (မှန်ပါ့) အခုဟာက တိုးတိုးတိတ်တိတ်သွား မည့် အဓိပ္ပါယ်မျိုးပါတယ်. . . (ပါ-ပါတယ်ဘုရား)။

ရှင်အာနန္ဒာက လွယ်တယ်ဆိုလို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးကကိုင်း. . . မင့်အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် မင်းပြောစမ်းဆိုတော့ ပြောကိုမပြောနိုင်ဘူး. . . (မှန်ပါ့ဘုရား)။

## ဘုရားဟောအတိုင်းပြောပြတာ

အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်း ကြည့်စမ်း ဘုရားဟောအတိုင်း ဘုန်းကြီးက သေသေချာချာ ဖော်ပြတော့မှ ဩော်-ဒီအလုပ်ဟာ ဒို့လည်းလုပ်နေတာပဲ . . . (မှန်ပါ့) ဒီအစဉ် အတိုင်းကော ဟုတ်-မဟုတ် ဒကာသစ်ကြည့်. . . (ဟုတ်ပါတယ်) ဝေဒနံပဋိစ္စ. . . (တဏှာပါ) တဏှံပဋိစ္စ. . . (ပရိယေသနာပါဘုရား)။

ဒီတဏှာကြောင့် ခန္ဓာခင်တဲ့ တဏှာကြောင့် ဟော. . . ပရိယေသန ရှာပါတယ်တဲ့. . . (မှန်ပါ့) ရှာလို့ပဲ ထိုက်တန် သလောက်ရပါတယ်. . . (မှန်ပါ့) ရတဲ့ပစ္စည်းကို ဆုံးဖြတ်ချက် ချပါတယ်တဲ့. . . (မှန်ပါ့) ဒါက ညစာ ဒါကနေ့စာနဲ့ဟင်. . .

(မှန်ပါ့) ဒါက အိုစာမင်းစား၊ ဒါက သားကလေးတွေ သမီးကလေးတွေအတွက်ဆိုပြီးသကာလ ဝိနိစ္ဆယဆုံးဖြတ် ချက်ချနေရတာ ဒကာကြွယ်ရေ သုံးပုံ-ပုံကွာ၊ ဒကာကြွယ်တို့ အိမ်က သုံးယောက်ရှိတာကိုး. . . (မှန်ပါ့) မလာဘူးလားဗျာ . . . (လာပါတယ်ဘုရား)။

ဒါဘာလုပ်တာတုံး ဒကာကြွယ်. . . (ဝိနိစ္ဆယပြုလုပ် တာပါ) ဆုံးဖြတ်ချက်ချနေတာ. . . (မှန်ပါ့) ဆုံးဖြတ်ချက် ချတယ်ဆိုတာမပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ကဲ. . . ဒီဆုံးဖြတ်ချက်ကို ဒကာသစ်ကလက်သည်ရှာ၊ ဆုံးဖြတ်ချက်ချတာ ဘယ်သူကများ ချနေပါလိမ့်မတုံးလို့. . . (မှန်ပါ့) တဏှာနဲ့ ဒိဋ္ဌိကချနေတာ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်သူက ချပါလိမ့်. . . (တဏှာနဲ့ဒိဋ္ဌိနဲ့က ချတာပါ ဘုရား)။ သြော်. . . တဏှာနဲ့ ဒိဋ္ဌိနဲ့ချနေတာဆိုတော့ ဒကာ ဒကာမတို့ ဒါသားတွေ, သမီးတွေက ဝေဖန်တာလား၊ လူကြီးသူမက ဝေဖန်ပြောမလဲ. . . (လူကြီးသူမက ဆုံးဖြတ် ချက် ချတာပါ) ဘာနဲ့ဆုံး ဖြတ်ချက်ချမလဲ. . . (တဏှာ-ဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက်ချပါတယ် ဘုရား)။

ဒါ့ကြောင့် လူကြီးတွေအတွက်ဟာ ဒကာ ဒကာမတို့ ရှေ့မှီနောက်မှီဆိုပြီး ကြွားလုံးထုတ်ပြောသော်လည်း သူဟာ

ဒိဋ္ဌိတဏှာဖြစ်နေတယ်လို့ မသိတော့ကို ဒကာ ဒကာမတို့ အင်မတန်မှ သနားစရာကောင်းတယ်. . . (သနားစရာပါ) ဦးမာဒင် သနား စရာကောင်းတယ်. . . (မှန်ပါ့) ဦးသန်းမောင် ဘယ့်နှယ်တုံး. . . (သနားစရာကောင်းပါတယ်) သနားစရာ သိပ်ကောင်းတယ်. . . (မှန်ပါ့ဘုရား)။

ပြီးတော့ကော ခုနင်က ကလေးသူငယ် လူမမယ်တွေနဲ့ လာပြီးအိပ်ရာက နိုးလို့ပြောပြန်တော့လည်း၊ နင်တို့နေရာ မဟုတ်ဘူးတဲ့. . . (မှန်ပါ့) ဘယ်သူ့နေရာလို့ဆိုပါလိမ့် (လူကြီးတွေနေရာပါ) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အံမာလေး. . . ကြောက်စရာကြီးပါလား ဒကာကြွယ် . . . (မှန်ပါ့) ဒကာသစ်တို့လည်း ကန်ထုတ်တာပဲ. . . (မှန်ပါ့) ကလေး, ကလေးပီပီနေတာမဟုတ်ဘူး၊ နင်တို့နေရာမှ မဟုတ်ဘဲ နဲ့. . . တဲ့ . . . (မှန်ပါ့) အံမာလေး. . . ကြောက်စရာကြီး ပါလား . . . (မှန်ပါ့) ဘယ်သူ့နေရာတဲ့. . . (လူကြီးတွေ နေရာပါဘုရား)။

လူကြီးတွေနေရာ၊ ဒါကြောင့် ငရဲကျမှ ပဋိသန္ဓေနေပြီး ငရဲကျမှ မွေးတဲ့ကလေးရယ်လို့ ရှိမှမရှိပဲ. . . (မှန်ပါ) မရှိဘူး၊ လူကြီးတွေချည့် အကျများနေတာပဲ. . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## ငရဲမှာဒေါသကြီးတဲ့လူကြီးတွေ

ငရဲမှာ ပဋိသန္ဓေ နေတယ်ဆိုတာ ကိုးလလွယ်၊ ဆယ်လဖွားရှိရဲ့လား. . . (မရှိပါဘုရား) ပြီးတော့ ဒေါသကြီးတဲ့ လူကြီးတွေချည့်ပဲ ငရဲထဲမှာ အနေများတယ်ဆိုတာ ရိပ်မိကြ ပလား. . . (ရိပ်မိပါပြီဘုရား)

ဒါကြောင့် ခင်ဗျားတို့လည်း ကိုယ့်ဟာကိုယ် ပြန်တွေး တော့ နင်တို့နေရာမဟုတ်ဘူးတဲ့. . . (မှန်ပါ့) အံမာလေး. . . ကြောက်စရာကြီးပါလား. . . (မှန်ပါ့)။

ဒကာကြွယ် ဒီလိုများ ပြောဖူးသလား. . . (ပြောဖူးပါ တယ်ဘုရား) ဟာ. . . မှတ်ထားနော်၊ မပျောက်စေနဲ့၊ အတော် ဆိုးနေပြီ ဒကာ ဒကာမတို့ . . . (မှန်လှပါ)။

## သိမှရှောင်နိုင်မယ်

သိမှရှောင်နိုင်မယ်နော်. . (မှန်ပါ့) ဒီဥစ္စာ တပည့်တော် တို့ ဘာအပြစ်မှ မရှိဘူးလို့ အားလုံးပဲ တရားတစ်ပွဲလုံးပဲ တာဝန်ခံ ကြတယ်. . . (မှန်ပါ့) အပြစ်ရှိတယ်လို့ ယူကိုမယူ ဘူး. . . (မယူပါဘုရား)။

မယူပါဘူး. . . တဲ့၊ ဒီဥစ္စာ တပည့်တော်တို့ ရောင်းဝယ် တုန်းကသာ မုသားကလေး နည်းနည်းပါလို့ အမြတ်အစွန်း ကလေး နည်းနည်းထွက်တယ်၊ အဲဒါသာ သိလိုက်ကာပဲ. . .

(မှန်ပ့ါ) အိမ်ထဲရောက်လာမှတော့ ဒီလိုအလုပ်တွေ လျှောက်ပြီး လုပ်တော့ ဒကာသစ် သိသေးရဲ့လား. . . (မသိပါဘုရား)။

မသိသေးတဲ့အပြင် ခုနင်က ပြောတဲ့စကားလုံးတွေနဲ့ လူလာ သူလာလို့ရှိရင် စကားရပ်ပစ်လိုက်တယ်. . . (ရပ်ပါတယ် ဘုရား) ဘာဖြစ်လို့တုံး၊ သူတို့နေရာမဟုတ်ဘူး. . . (မှန်ပ့ါ) ဘယ်သူ့နေရာတုံး. . . (တပည့်တော်တို့နေရာပါဘုရား) ရိပ်မိ ပလား. . . (ရိပ်မိပါပြီဘုရား)။

## လူကြီးဖြစ်ရမှာသိပ်ကြောက်ကြနော်

အံမာလေး. . . ဒကာ ဒကာမတို့ ခင်ဗျားတို့ လူကြီး ဖြစ်ရမှာများ သိပ်ကြောက်ကြနော်. . . (မှန်ပ့ါ) ဒါဟာ အိုလို့ ကြောက်တယ်လို့မဆိုနဲ့တဲ့၊ မသိတဲ့လူကြီးဖြစ်ရမှာများ သိပ်ကြောက်စရာကောင်းတယ်. . . (မှန်ပ့ါ) ကြောက်စရာ မကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် "တဏှာ ပဋိစ္စပရိယေသနာ၊ ပရိယေသနံ ပဋိစ္စလာဘော" (မှန်ပ့ါ) ရပြီနော်. . . (မှန်ပ့ါဘုရား) လာဘံ ပဋိစ္စ ဝိနိစ္ဆယော၊ လာဘံ = ရခြင်းကို၊ ပဋိစ္စ = စွဲ၍၊ ဝိနိစ္ဆယော = ဆုံး ဖြတ်ချက်ချတယ်. . . (မှန်ပ့ါ)။

ဒါက အိုးစာ, ဒါက မင်းစာ, ဒါက သားစာ, ဒါက သမီးစာ ဆိုပြီးသကာလ ဒါတွေ ဝေဖန်ပြီးတော့ ဆုံးဖြတ်ချက်ချတယ်

ဒကာကြွယ်ရ. . . (မှန်ပါ့ဘုရား) ဘုရားဟောတော်မူတာ ဘုန်းကြီးက တစ်လုံးမှ အပိုမပါဘူး. . . (မှန်ပါ့)။

တစ်လုံးမှ အပိုမပါဘူး၊ ခင်ဗျားတို့ ဩော်. . . ဒီအိမ်တွင်း ပဋိစ္စသမုပ္ပါဒ်မသိလို့ရှိရင် ဒကာ ဒကာမတွေ ညတိုင်း စီးပွားရေး အကြောင်း ညီညွတ်တိုင်း ညီညွတ်တိုင်း ဒီဥစ္စာလုပ်နေတော့မှာ ပဲ. . . (မှန်ပါ့) မလုပ်ပေဘူးလား . . . (လုပ်ပါတယ်ဘုရား)။

## ငရဲမှာအော်တဲ့အသံ

ရတဲ့ငွေတွေ ထိုးပစ်ထားလိုက်တယ်လို့ ဒီလိုမရှိဘူး. . . (မှန်ပါ့) မရှိဘူး၊ ဒါတွေကို ဒို့ဒီလို-ဒီလိုအကြောင်း ညီညွတ်လာ တယ်၊ အင်း. . . ခင်တဲ့လူနဲ့ ရှေးဦးစွာ ခပ်တိုးတိုးပြောတယ်. . . (မှန်ပါ့) တိုးတိုးပြောပြီးသကာလမှာ ဒီဥစ္စာကွာ ဒီလိုထားလို့တော့ မဖြစ်သေးဘူး၊ သိုတန်တာသို၊ မှိုးတန်တာမှိုး၊ စောင့်ရှောက်တန် တာစောင့်ရှောက်ပေါ့ကွယ်ဆိုပြီးသကာလ လူကြီးလုပ်တဲ့ ပုဂ္ဂိုလ် က အသံကောင်းလွင့်တယ်လို့ ထင်ရတယ်. . . (မှန်ပါ့) ဘယ်ဟုတ်လိမ့်မတုံး၊ ငရဲအော်သံကြီး သူ့ဟာက. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ငရဲမှာ အော်တဲ့. . . (အသံကြီးပါဘုရား) အော်သံနဲ့ မတူဘူးလား. . . (တူပါတယ်ဘုရား)။

## ဒို့ကအပြစ်မရှိဘူးထင်နေတယ်

အဲဒါကြောင့် ဒကာ ဒကာမတွေ ဆရာရင်း သမားရင်းမို့ ပြောနေတယ်. . . ဩော်. . . ဒို့က ဘာမှ အပြစ်မရှိဘူးထင်တယ်၊ ဒီဥစ္စာတွေက သီလလည်း မကပ်နိုင်ဘူး. . . (မှန်ပါ့) သမာဓိလည်း. . . (မကပ်နိုင်ပါဘုရား) ဝိပဿနာလည်း. . . (မကပ်နိုင်ပါဘုရား)။

ဘယ်ကပ်နိုင်လိမ့်မတုံး၊ မည်းနက်တဲ့တရားချည့်ဆိုတော့ အဖြူကိုဒီအထဲ ပြောက်ကျားကလေးထိုးလို့ မရဘူး. . . (မှန်ပါ့ဘုရား) ဘယ်လောက်ဆိုးရွားသတုံး. . . (ဆိုးရွားပါတယ်ဘုရား) ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

## ဘယ်ကနေအပါယ်သွားကြတာတုံး

အဲဒါ ခင်ဗျားတို့ ဘယ်ကနေပြီးသကာလ အပါယ်သွားကြတာတုံးမေးတော့ အိမ်တွင်းကနေပြီးသွားတာ. . . (မှန်ပါ့ဘုရား) ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

ဘယ်ကနေ သွားပါလိမ့်. . . (အိမ်တွင်းကနေ သွားပါတယ်ဘုရား)။

ဒကာကြွယ် "မရိပ်မိဘူးနော်၊ ဒါ့ကြောင့် ဘုရားဖော်ပြောတာ. . . (မှန်ပါ့) မရိပ်မိဘူး ဒကာသစ်ရေ. . . (မရိပ်ပါဘုရား) မရိပ်မိဘူး၊ ဒီဥစ္စာက ကဲကွာ ဒါကလေးတွေ

လည်း ဝေဖန်ပြီးပေါ့၊ ဘုရားရှိခိုးပြီး အိပ်ရုံရှိတော့တယ် . . . (မှန်ပါ့)။

## ဘုရားရှိခိုးရုံနဲ့ကျေမှာလား

အင်း . . . သူ ဘုရားရှိခိုးတာကလေးအဆစ်ထည့်လိုက်သေးတယ် . . . (မှန်ပါ့) သူလုပ်ထားတဲ့ အကုသိုလ်က ဘုရားရှိခိုးရုံနဲ့ကျေမှာလား . . . (မကျေပါဘုရား) မကျေပါဘူး၊ ဒီပဋိစ္စသမုပ္ပါဒ်က အပါယ်ရောက်သွားပြီး . . . (မှန်ပါ့) ပြီးမှ သူကထ,ပြီး ဘုရားရှိခိုးတာ . . . (မှန်ပါ့)။

ဒီနေ့တော့ မောတယ်မခိုးသေးပါဘူးဆိုတော့ ပါတောင် မပါတော့ဘူး . . . (မှန်ပါ့) ပါသေးရဲ့လား . . . (မပါ-ပါဘုရား) မပါဘူး . . . တဲ့။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ချပါပြီ . . . တဲ့၊ ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာက စ,တယ်ဆိုတာ သေချာပြီ . . . (သေချာပါပြီဘုရား) ဘယ်ကစ, ပါလိမ့် . . . (ခန္ဓာက စပါတယ်ဘုရား)။

## ကိန်းရာပုဂ္ဂိုလ်ကိုနှိပ်စက်တယ်

ခန္ဓာက စတယ်ဆိုတဲ့ဥစ္စာ ပေါ်လာပြီ၊ ဒါဖြင့် ခန္ဓာသည် နှိပ်စက်လိုက်တာ အပါယ်ရောက်အောင် နှိပ်စက်

တယ်. . . (မှန်ပါ့) ဒါဖြင့် ခန္ဓာကို ဘာသစ္စာဆိုကြမလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဆိုတော့ မှတ်လိုက်စမ်းပါ၊ ကိန်းရာ ပုဂ္ဂိုလ်ကို နှိပ်စက်ပါတယ်. . . (မှန်ပါ့)။

ကိန်းရာ ပုဂ္ဂိုလ်ကို . . . (နှိပ်စက်ပါတယ်) အပါယ် ရောက်အောင် နှိပ်စက်တယ်. . . (မှန်ပါ့) ဒါ့ကြောင့် ခန္ဓာဒုက္ခ သစ္စာဆိုတာပေါ်လာတယ်. . . (ပေါ်လာပါတယ်) သူနှိပ်စက် လိုက်တာ လူလည်းအပါယ်ရောက်တော့မယ်. . . (မှန်ပါ့) ရှင်းပြီ နော်. . . (ရှင်းပါပြီဘုရား)။

## ၅။ ဆန္ဒ ရာဂဆိုတာ

ကောင်းပြီ ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ. . . (မှန်ပါ့) ဝိနိစ္ဆ ယံပဋိစ္စ. . . (ဆန္ဒရာဂေါပါဘုရား) ဆန္ဒရာဂေါဆိုတော့ ဩော် . . . ဒီကုန်ဟာ ကိုယ့်အကျိုးပေးတဲ့ကုန်. . . (မှန်ပါ့) လာပြီ ဒကာကြွယ်. . . (မှန်ပါ့) နည်းနည်းကလေး ကြိုးကြိုးစားစား ကလေးလုပ်ဦးမှပဲ. . . (မှန်ပါ့)။

ဘယ်လိုပါလိမ့်. . . (ကြိုးကြိုးစားစားကလေး လုပ်ဦးမှပဲ ဘုရား)။

## ကြိုးကြိုးစားစားလုပ်ဦးမှပဲ

နည်းနည်းကလေး ကြိုးကြိုးစားစား လုပ်ဦးမှပဲဆိုတော့ ဆန္ဒရာဂ ပိုလာ-မလာ. . . (လာပါတယ်) အကျိုးပေးတုန်းကိုးဗျ။ ဟ. . . လသာတုန်း ဗိုင်းငင်ဟ. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) အကျိုးပေးတုန်းကို အရယူရတယ်၊ ဒီလိုကော မဆုံးမကြဘူးလား. . . (ဆုံးမ, ကြပါတယ်ဘုရား)။

ကိုယ့်ကိုယ်လည်း ဒီအတိုင်းပဲ၊ ဒီအချိန်မှာ မကျန်းမာမှာ တောင် စိုးရိမ်လိုက်သေးတယ်. . . (မှန်ပါ့) ဒီအချိန်ကလေးများ မကျန်းမာလို့ရှိရင် ဓမ္မန္တရာယ်ဖြစ်ချေရဲ့. . . (မှန်ပါ့)။

ဘယ်သွားမည့် ဓမ္မန္တရာယ်ပါလိမ့်. . . (အပါယ်သွား မည့် ဓမ္မန္တရာယ်ပါ) အပါယ်သွားမည့်ကြားတောင်မှ မခြားစေ ချင်ဘူး၊ တောက်လျှောက်သွားချင်တယ်. . (မှန်ပါ့) ဒကာကြွယ် ဘယ်လောက်ဆိုးတယ်ဆိုတာ . . . (ဆိုးပါတယ်ဘုရား)။

## အထင်ကတစ်မျိုး၊ ဖြစ်စဉ်ကတစ်မျိုး

စိတ်အထင်ကတစ်မျိုးနော်. . . (မှန်ပါ့) တရားဖြစ်စဉ် က . . . (တစ်မျိုးပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့က ဒကာ ဒကာမတွေကို သတိ ပေးရတယ်၊ ဒကာ ဒကာမတို့ ခင်ဗျားတို့ တရားသဘော အတိုင်း ဖြစ်ရတာနော်. . . (မှန်ပါ့)။

အိုခြင်းလာလည်း ခင်ဗျားတို့က အိုခြင်းဟာ တရားသဘော အတိုင်းလား. . . (တရားသဘောအတိုင်းပါ) နာရတာလည်း ဒကာ ဒကာမတို့ ကိုယ်နာချင်လို့ နာရတာလား တရားသဘောအတိုင်းဖြစ်ရတာလား. . . (တရားသဘောအတိုင်းဖြစ်ရတာပါဘုရား)။

လူ့ပြည်ရောက်လာတာလည်း ဒကာ ဒကာမတို့ ခြေလျှင်လာတာလား၊ တရားက ပို့လိုက်လို့လား. . . (တရားက ပို့လိုက်လို့ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ တရားစီမံတာ ခံရမှာစိုးလို့ ဒီတရားပယ်ထိုက်တဲ့တရား ဆိုလို့ရှိရင်လည်း ပယ်ရတော့မယ် . . . (မှန်ပါ့ဘုရား)။

## အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ကသိခဲ့တယ်

ဒါ့ကြောင့် ဒီဥစ္စာ အရေးတကြီး ပြောနေတယ်ဆိုတဲ့ဥစ္စာ အိမ်တွင်းပဋိစ္စသမုပ္ပါဒ်က ဦးမာဒင်, ဦးသန်းမောင် သိပ်သိခဲ့တယ် . . . (မှန်ပါ့ဘုရား)

အင်မတန်မှ ဒကာကြွယ် ဖြစ်လိုက်တာက စီးပွားတက်၊ တက်သလိုဖြစ်တယ်. . . (မှန်ပါ့) စီးပွားယုတ်ရင်လည်း. . . (ယုတ်သလိုဖြစ်ပါတယ်ဘုရား)။

စီးပွားယုတ်ပြန်တော့လည်း ဒီဘက်က လျှော့ကြဦးစို့ ဟော့. . . (မှန်ပါ့) ဒီဘက်ကမလွဲသာလို့ ရှိပေစေတော့ ဒီဘက်က လျှော့ကြဦးစို့ဆိုပြီးတော့ ဒီမှာလည်း ဝိနိစ္ဆယလုပ်နေပြန်တာပဲ . . . (မှန်ပါ့) မလုပ်ဘူးလား. . . (လုပ်ပါတယ်ဘုရား)။

## စီးပွားတက်လည်းဒယ်အိုးမျက်စောင်းထိုး

အဲ. . . စီးပွားတက်လည်း ခင်ဗျားတို့က ဒယ်အိုး မျက်စောင်းထိုးတာပဲ. . . (မှန်ပါ့) စီးပွားယုတ်ပြန်တော့ကော့ . . . (ဒယ်အိုးမျက်စောင်းထိုးပါတယ်) အဲဒီ မျက်စောင်းထိုးနေ တယ်လို့ ဒကာကြွယ် လူတိုင်းမသိဘူးနော်. . . (မသိပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ရှင်အာ နန္ဒာက ပဋိစ္စသမုပ္ပါဒ်လွယ်ပါတယ်၊ တပည့်တော် သေက္ခ ဉာဏ်နဲ့တွေးတာတောင် သေက္ခဉာဏ်ဆိုတာ သူ့အထက် မရောက်သေးဘူးပေါ့ဗျာ. . . (မှန်ပါ့) သောတာပန်ဉာဏ်ကလေး နဲ့ သူတွေးတာတောင် ပေါ်သလိုလိုရှိတယ်ဘုရား့ ပဋိစ္စသမုပ္ပါဒ်တဲ့ . . . (မှန်ပါ့ဘုရား)။

## နားမလည်လို့အပါယ်ရောက်ကြတာ

ဟာ. . . ညီတော်အာနန္ဒာ သူ့ကိုနားမလည်လို့ ဒကာ ဒကာမတွေ အပါယ်ချည့်ရောက်နေကြတာပေါ့ကွဆိုပြီး ဒါကို ဟောတော်မူတယ်. . . (မှန်ပါ့)။

သူ့နားမလည်လို့တဲ့၊ အိမ်တွင်းပဋိစ္စသမုပ္ပါဒ် မင်းတို့က နားမလည်တော့ ဒကာ ဒကာမတွေ အိမ်တွင်းကနေပြီး သကာလ ဘုရားရှေ့မှောက်မှာပဲ သေပွဲဝင်ပြီးသကာလ ဘုရားရှေ့မှောက်ကနေ အပါယ်သွားရတယ်. . . (မှန်ပါ့)။

## ဘုရားရှေ့မှောက်မှာ အပါယ်သွားကြတယ်

ဗုဒ္ဓဘာသာဆိုတာ အိမ်မှာဘုရားရှိကြတယ်. . . (ရှိပါတယ်ဘုရား) အဲဒီရှေ့မှောက်မှာပဲ သူတို့အပါယ်သွားကြတယ်. . . (မှန်ပါ့) ကဲ. . . ဘယ်လောက်ကြောက်စရာကောင်းသလဲ . . . (ကြောက်စရာကောင်းပါတယ်) ဒါ့ကြောင့် အိမ်တွင်းပဋိစ္စသမုပ္ပါဒ် မင်းမသိဘူးဆိုပြီး ဟောတော်မူတယ်. . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတွေကလည်း ဒီပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကိုက်ကဲ့လား၊ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြစမ်းပါ . . . (ကိုက်ပါတယ်ဘုရား) သေသေချာချာကိုက်တယ်. . . (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ဒါဖြင့် တစ်ခေါက်ပြန်ကြဦးစို့၊ ဝေဒနံပဋိစ္စ. . . (တဏှာပါဘုရား) တဏှံ ပဋိစ္စ. . . (ပရိယေသနာပါ) တဏှာကြောင့်ရှာမှီးတယ်. . . (ရှာမှီးပါတယ်) ရှာမှီးတဲ့တဏှာဖြစ်ပြီ . . . (မှန်ပါ့) ပရိယေသနံပဋိစ္စ. . . (လာဘောပါဘုရား) လာဘံ

ပဋိစ္စ. . . (ဝိနိစ္ဆယောပါဘုရား) ဝိနိစ္ဆယောတဲ့ တစ်ခါတည်း ဆုံးဖြတ်ချက်ချတယ်. . . (မှန်ပါ့ဘုရား)။

ဒါ ညဖို့၊ ဒါ နေ့ဖို့၊ ဒါ သားဖို့၊ ဒါ သမီးဖို့ အစရှိသည်နဲ့ ဆုံးဖြတ်ချက်ချလိုက်တာ ဒကာ ဒကာမတို့ ဒါကလေးတော့ဖြင့် ရွှေဈေးကလေးကလည်း ကျတဲ့အခါ ကိုယ်ကလည်း အကြောင်း ညီညွတ်တဲ့အခါ ဒါကလေးကတော့ သမီးဖို့ ရွှေကလေး ဝယ်လိုက်ဦးမှတော်မယ်ထင်တယ်. . . (မှန်ပါ့) ဒါတွေလာပြီ၊ မလာသေးဘူးလား. . . (လာပါတယ်ဘုရား)။

အင်း. . . ဒီထက်များလာလို့ရှိရင်လည်း စိန်ဈေးက လည်း ကျတယ်၊ ပြီးတော့ ရောင်းမည့်လူကလည်း အဆင်သင့်ရှိ တယ်၊ အရွယ်ကလေးနဲ့လည်း အတော်ပဲ. . . (မှန်ပါ့) အံမာ လုပ်ကုန်ပြီ ခင်ဗျားတို့ဟာ. . . (မှန်ပါ့) မလာဘူးလား . . . (လာပါတယ်) ဝိနိစ္ဆယမလာကြဘူးလား. . . (လာပါတယ် ဘုရား)

"ဝိနိစ္ဆယံပဋိစ္စ ဆန္ဒ ရာဂေါ"တဲ့. . . (မှန်ပါ့) သဘောကျ ပလား. . . (ကျပါပြီ) ဝိနိစ္ဆယချပြီး ဘာလာပြန်သတုံး. . . (ဆန္ဒ ရာဂလာပါတယ်ဘုရား)။

## ဘာဖြစ်လို့ပြုံးတာတုံး

ဆန္ဒရာဂလာတယ်တဲ့၊ သမီးကလေးက ဝတ်နေတယ် . . .၊ အကြောင်းညီညွတ်တော့ အင်း. . . ပြုံးနေတယ်. . . (မှန်ပ့ါ) နောက်ကနေကြည့်နေပြီး သူက ဝတ်စားပြီးသွားပြန် ပြုံးနေတယ်. . . (မှန်ပ့ါ)။

သားကလေးက စိန်လက်စွပ်ကလေး ကောင်းကောင်း မွန်မွန်ဝတ်သွားပြန်တော့ အမေမိဘက. . . (ပြုံးပါတယ်ဘုရား)။

ဘာဖြစ်လို့ ဒကာကြွယ် ပြုံးတာတုံးလို့မေးရင် ဆန္ဒရာဂ ဖြစ်တာကွ. . . (မှန်ပ့ါ) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဆန္ဒရာဂဖြစ်ပြီး သကာလ ဒီဥစ္စာရှေ့ကို ဆက်ရပါမယ်. . . (မှန်ပ့ါ) ဆန္ဒရာဂံပဋိစ္စ ဆန္ဒရာဂကို အကြောင်းရင်းခံပြီးသကာလ ဒကာ ဒကာမတို့ တစ်မျိုးလာဦးမှာပဲ. . . (မှန်ပ့ါဘုရား)။

ဒ့ါကြောင့် ဘုရားက "တဏှံ ပဋိစ္စ ပရိယေသနာ၊ ပရိယေသနံ ပဋိစ္စလာဘော၊ လာဘံပဋိစ္စ ဝိနိစ္ဆယော၊ ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ"လို့ မလာဘူးလား. . . (လာပါတယ်ဘုရား)။

## မစ္ဆရိယဝင်လာတယ်

အဲဒီ ဆန္ဒရာဂတွေ ဖြစ်ပြီးသကာလ လာတဲ့အခါကျ လို့ရှိရင် ဒကာ ဒကာမတို့ ဒီဘက်က ဘာလာတော့မတုံးဆိုလို့

ရှိရင်ကွာ ဝတ်လည်းဝတ်၊ စားလည်းစား၊ သို့သော်လည်း မင်းအစိုးရများလည်း မမြင်အောင် စာရင်းဖျောက်ရမယ် . . . (မှန်ပါ့) မင်းမမြင်အောင် စာရင်းဖျောက်ရမတဲ့၊ မစ္ဆရိယ ဝင်လာတယ် . . . (မှန်ပါ့ဘုရား)။

ဘာဝင်လာသတုံး. . . (မစ္ဆရိယဝင်လာပါတယ်) မစ္ဆရိယဝင်လာတယ်၊ ဒကာ ဒကာမတို့ မစ္ဆရိယဝင်လာတော့ ဒီဟာတွေ စာရင်းထဲထည့်ပြီးသကာလ ကျွန်တော်တို့ဝင်ငွေ ဒီနှစ် ဘယ်လောက်ပါလို့ ရေးသလား၊ ဒီအတွက်တွေ နုတ်ထား သလား. . . (ဒီအတွက်တွေ နုတ်ထားပါတယ်) အဲ. . . ရှိပါ စေ၊ ရှိပါစေ၊ ဒါမစ္ဆရိယပါပဲ. . .. (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ ဘုရား)။

ဒီအတွက်တွေကို ဒကာကြွယ်ရေ ထည့်ထားကြ သလား. . . (မထားပါ) ဘယ့်နှယ်ကြောင့် မထားကြသတုံး . . . (မစ္ဆရိယကြောင့်ပါဘုရား)။

ဒါ သူများမစ္ဆရိယဖြစ်နေတာလား၊ ဒကာသစ် ကိုယ့် အိမ်ထဲတွင် ကိုယ်လား. . . (ကိုယ့်အိမ်ထဲတွင် ကိုယ်ပါဘုရား)။

ဒါက အကြောင်းညီညွတ်တဲ့အခါကျတော့ ထ,ဝတ် တာပေါ့၊ သို့သော်လည်း ဒီအမြတ်တော် ဝန်ထောက်တို့ ဟုတ်လား အမြတ်တော်မင်းကြီးတို့ အကြောင်းမညီညွတ်လို့ သူတို့နဲ့ တွေ့ကြုံပြီးသကာလ သွားပြန်လည်း ကားကလေးက

အစ တံခါးပိတ်ထားရတယ် . . . (မှန်ပါ့) မပိတ်ရဘူးလား . . . (ပိတ်ရ ပါတယ်) ဒါဖြင့် ဝတ်မှု၊ စားမှု ဆိုတာတွေလည်း ခြိုးခြံသလောက် မခြိုးခြံရပေဘူးလား . . . (ခြိုးခြံရပါတယ် ဘုရား)။

## ဒီအချိန်ဝတ်လို့စားလို့မတော်ဘူး

ကဲ . . . ဒါဖြင့် ဒါဘာဖြစ်တာတုံးမေးတော့ . . . (မစ္ဆရိယပါ) မစ္ဆရိယရှိတယ် . . . (မှန်ပါ့ဘုရား)။

မစ္ဆရိယရှိတော့ ဒကာ ဒကာမတွေက ဘယ်လိုဆုံးဖြတ် ချက်ချလိုက်သတုံးဆိုတော့ဟော့ . . . မတော်ဘူး၊ ပြန်သိမ်းတာ ကောင်းတယ် . . . (မှန်ပါ့) ဒီအချိန်မကောင်းဘူး ဝတ်လို့စားလို့ . . . (မှန်ပါ့) ဘာလုပ်ကြသတုံး . . . (ပြန်သိမ်းပါတယ်ဘုရား)။

အံမာလေး . . . ဒကာ ဒကာမတို့ မစ္ဆရိယလည်း လာပါရော ပြန်သိမ်းတယ် . . . (မှန်ပါ့) ပြန်သိမ်းတဲ့ဥစ္စာက ငါ့ဟာ ပျောက်ချေရဲ့ဆိုတဲ့ ဒိဋ္ဌိနဲ့ သိမ်းလိုက်တယ် . . . (မှန်ပါ့ ဘုရား)။

ဘာနဲ့သိမ်းသလဲ . . . (ဒိဋ္ဌိနဲ့သိမ်းပါတယ်ဘုရား) ဒကာသစ် သေတ္တာထဲပြန်သိမ်းတာများ ခင်ဗျားတို့က အပြစ်မရှိ ဘူး ထင်မနေနဲ့ . . . (မှန်ပါ့) သေတ္တာထဲပြန်သိမ်းတာဟာ လုံခြုံ စေချင်လို့သိမ်းတာပဲလို့ ဆိုမလားတဲ့။ ဒကာ ဒကာမတို့

မဇ္ဈိမရိယနဲ့ သိမ်းတာလား. . . (မဇ္ဈိမရိယနဲ့သိမ်းတာပါ) သဘောပါကြပလား . . . (ပါ-ပါပြီဘုရား)။

ဒါ အိမ်ပြင်မှာဖြစ်သလား၊ အိမ်တွင်းဖြစ်သလား. . . (အိမ်တွင်းဖြစ်ပါတယ်) ဩော်-ဒီပဋိစ္စသမုပ္ပါဒ်ကလည်း အားလုံး ဒကာ ဒကာမတွေ သိတဲ့အတိုင်း အိမ်တွင်းချည့်ပဲ သူက. . . (အိမ်တွင်းချည့်ပါဘုရား)။

## အကုသိုလ်တော့နည်းပါတယ်တဲ့

ဒါ့ကြောင့် ခင်ဗျားတို့က ကိုယ့်အိမ်နဲ့ကိုယ်နေတာ ဂျူပ်တို့ဖြင့် ဘယ်မှ မသွားလို့ အကုသိုလ်တော့ နည်းပါတယ်တဲ့ . . . (မှန်ပါ့) အံမာ. . . ခင်ဗျားတို့က သုံးသေးတယ်. . . (မှန်ပါ့ ဘုရား)။

ကျူပ်တို့က ခရီးသွားကလည်းနည်းတော့ အကုသိုလ်ဖြစ်တာလည်းနည်းတယ်တဲ့၊ ပြီးတော့လည်း ဘာဟုတ်မလဲဗျ၊ သူ့ဟာသူ မဇ္ဈိမရိယနဲ့ မသွားတာ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဘာနဲ့ မသွားတာတုံး. . . (မဇ္ဈိမရိယနဲ့ မသွားတာပါ) ငါသွားရင်ဟာ ကုန်ချေရဲ့. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ အလကား မဖွင့်တန်တာတွေဖွင့် မလုံခြုံတန်တာတွေ လုံခြုံအောင် လုပ်ရမည့်ဥစ္စာတွေ ဖွင့်နေလို့ရှိရင်ဖြင့်

လူကြီးလို အမြော်အမြင်ရှိတာ မဟုတ်ဘူးတဲ့. . . (မှန်ပါ့ဘုရား)။

## အပါယ်လေးပါးမျှော်နေတာ

ဘယ့်နှယ်ဒကာကြွယ် လူကြီးက ဘာတဲ့တုံး. . . (အမြော်အမြင်ရှိပါတယ်) ဘယ်မျှော်တာတုံးဗျ. . . (အပါယ်လေးပါးမျှော်တာပါ) အံမာလေး. . . ကြောက်စရာကြီးပါလား။

ဒကာ ဒကာမတွေ ခင်ဗျားတို့ ဖြစ်စဉ်ဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရှင်အာနန္ဒာကို ပြန်ပြောနေတာ ပဋိစ္စသမုပ္ပါဒ်လွယ်တယ်ပြောလို့. . . (မှန်ပါ့) ကြည့်ကွ ဒါအိမ်တွင်းပဋိစ္စသမုပ္ပါဒ်တဲ့. . . (မှန်ပါ့) လူတိုင်းဖြစ်တဲ့. . . (မှန်ပါ့)။

ဒါတွေ အခုဘုန်းကြီးက ဝိပဿနာဉာဏ်နဲ့ ဒကာဒကာမတွေ ဖြတ်မပေးလို့ရှိရင် ကျုပ်တို့ အကုသိုလ် မရှိဘူးပြောမှာပဲ. . . ( ပြောမှာပါ) မပြောဘူးလား ပြောမလား . . . (ပြောမှာပါ) ဒကာကြွယ် ပြောမှာနော်. . . (မှန်ပါ့ဘုရား)။

ဖြစ်လိုက်တဲ့ အကုသိုလ်ဟာ ဒကာသစ် အခုကြည့်စမ်းတဏှာ့ပဋိစ္စ. . . (ပရိယေသနာပါ) ပရိယေသနံပဋိစ္စ. . . (လာဘောပါ) လာဘံပဋိစ္စ. . . (ဝိနိစ္ဆယောပါ) ဝိနိစ္ဆယံပဋိစ္စ . . . (ဆန္ဒရာဂေါပါဘုရား)။

## ၅။ အဓွော့သာနံ့ဆိုတာ အားကြိုးမာန်တက်လုပ်တာ

အဲ. . . ဝိနိစ္ဆယံပဋိစ္စဆိုပြီးတော့ ဒီကြားထဲမှာ တစ်ခု ထည့်လိုက်ပါဦးနော်. . . (မှန်ပါ့) **ဝိနိစ္ဆယံပဋိစ္စအဇ္ဈောသာနံတဲ့၊** အဇ္ဈောသာနံဆိုတာက တခြားမဟုတ်ပါဘူး ဒကာ ဒကာမတို့ အလွန့်ကို ဒီအလုပ်ကို အားကြိုးမာန်တက် သွန်ပြီးလုပ်တော့ မယ်ကွာတဲ့. . . (မှန်ပါ့) ဒီထိအောင် တစ်ခါတည်းလုပ်ပစ်လိုက် တယ်. . . (မှန်ပါ့ဘုရား)။

## အချိန်ရှိခိုက်လုံ့လစိုက်ရတယ်

ဆုံးဖြတ်ချက်ချပြီး တစ်ခါတည်း ဒို့ဆုံးဖြတ်ချက်ချပြီး ဒီအလုပ်တော့ဖြင့် အားကုန်ရှိသွန်မှပဲကွ. . . (မှန်ပါ့) ဘာဖြစ်လို့ တုံး. . . လ,သာတုန်း ဗိုင်းငင့်ရတယ်၊ အချိန်ရှိခိုက် လုံ့လစိုက်ရ တယ်. . . (မှန်ပါ့) ဆိုပြီးသကာလ အဇ္ဈောသာနံဆိုပြီး အလွန် ကြီးကျယ်တဲ့ တဏှာ-ဒိဋ္ဌိပေါ်လာတယ်. . . (ပေါ်လာပါတယ်) မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်)။

## ၆။ ပရိဂ္ဂဟာဆိုတာသိမ်းဆည်းတယ်

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ **အဇ္ဈောသာနံ ပဋိစ္စ ပရိဂ္ဂဟောတဲ့**. . . (မှန်ပါ့) ဟော. . . တစ်ခါတည်း အကုန်သိမ်း

ဆည်းတော့တာပဲ၊ ခုနင်ကဟာ သေတ္တာထဲဘာထဲ အကုန်သိမ်း ဆည်းတော့တာပဲ. . . (မှန်ပါ့) ဒါကလေးတစ်ခု ကြားကျနေ တယ်နော်. . . (မှန်ပါ့ဘုရား)။

## ၇။ မစ္ဆရိယဆိုတာ ဝန်တိုတာ

ကဲ. . . ဒါဖြင့် ဒါရှင်းပလား. . . (ရှင်းပါပြီ) "အဇ္ဈော သာနံ ပဋိစ္စပရိဂ္ဂဟော၊ **ပရိဂ္ဂဟံ ပဋိစ္စမစ္ဆရိယော**". . . (မှန်ပါ့) သိမ်းဆည်းတဲ့အခါကျလို့ရှိရင် သိမ်းဆည်းတာက ဒကာ ဒကာမတို့ ဘာဖြစ်လို့ သိမ်းဆည်းရတာတုံးလို့ မေးလို့ရှိရင်ဖြင့် ဒကာသစ်ဖြေတတ်ပါပြီ. . . (မစ္ဆရိယဖြစ်လို့ပါ) သူများမြင် မှာစိုးတယ်. . . (မှန်ပါ့) သူများသိမှာ. . . (စိုးပါတယ်ဘုရား)။

သူတို့မှာ ရွှေတွဲလဲ ငွေတွဲလဲ စိန်တွေ တပြောင်ပြောင်နဲ့ ငွေချေးမှာလည်း စိုးတယ်. . . (စိုးပါတယ်ဘုရား)။

ဒကာကြွယ် ဘာစိုးရိမ်သလဲ. . . (ငွေချေးမှာ စိုးရိမ်ပါ တယ်ဘုရား)။

## ပရိယာယ်ကအရှုပ်ကြီးပဲ

ငွေချေးမည့်လူတွေလာလို့ရှိရင် ခင်ဗျားတို့ ပရိယာယ် က အရှုပ်ကြီးပဲ၊ ဒီနားရှိတဲ့လူတစ်ယောက်လှမ်းပြီးသကာလ ဒို့ ငွေနည်းနေတယ်ကွာ၊ မင်း-ငွေရှာတဲ့နေရာ အရင်နေရာ သွားနိုင်

သေးသလားတောင် လှမ်းမေးချင်မေးတာ. . . (မှန်ပါ့) ဖုံးလိုက်တာကိုး. . . (ဖုံးပါတယ်ဘုရား) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) အင်း. . . တယ်ဆိုးပါကလား ဒကာ ဒကာမတို့ . . . (မှန်ပါ့)။

ဒကာကြွယ် ဒီအသုံးတွေဟာလည်း မသုံးဘူး မဆိုနဲ့နော် . . . (သုံးပါတယ်ဘုရား) သူ့ချေးရင် ရမှာမဟုတ်တော့ ကပျာကယာ ကာကွယ်လိုက်ရတယ်. . . (မှန်ပါ့)။

အိမ်ပေါ်ကို ဒီလူခြေလှမ်းတက်လာကတည်းက ဦးမာဒင် သိပြီ. . . (သိပါပြီဘုရား) အင်း. . . ဒီလူ အရင်တုန်းကလည်း ပေးတာမဟုတ်ဘူး၊ အခုလည်း ဒို့အကြောင်း ညီညွတ်တယ်ဆိုလို့ လာပြန်ပြီ အဲဒီတော့ အသံတော့ လွှင့်လိုက်ဦးမှပဲဆိုပြီး ဒကာကြွယ် မလွှင့်လိုက်ဘူးလား . . . (လွှင့်ပါတယ်ဘုရား)။

ကွာ. . . (ဒို့လည်း အကြောင်းမညီညွတ်လို့ အခု ထက်ထိ ဒီလိုပဲနေရသေးတာ၊ ဒါကြောင့် ကိုယ့်အတွက်တောင်မှ အတော်ရှာရမည့် အရေးကို တွေးနေရသေးတယ်ဆိုတဲ့ အသွားမျိုး ဒကာသစ် ဖုံးလိုက်-ဖိလိုက်လာတာပဲ . . . (လာပါတယ်) မလာဘူးလား. . . (လာပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် မစ္ဆရိယံ ပဋိစ္စတဲ့ ဒကာ ဒကာမတို့ ဝန်တိုပြီး သကာလ အခု သိမ်းလိုက်-ဆည်းလိုက်နဲ့ ဟိုလူလာလို့

အမြင်မခံနိုင်တော့ဘူး. . . (မခံနိုင်ပါ) ခံနိုင်ကြသေးသလား . . . (မခံနိုင်ပါဘုရား)။

## ၈။ အာရက္ခဆိုတာစောင့်ရှောက်တာ

ကဲ. . . ဒါဖြင့် ဘယ်လိုလုပ်ကြမတုံးလို့ မေးတော့ **"မစ္ဆရိယံပဋိစ္စ အာရက္ခော"** စောင့်ရှောက်ပြီ. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့. . . ဒီနေရာကလေးကို နေ့တိုင်းလိုလိုပဲ အခြေပျက် မပျက် သွားသွားကြည့်တယ်. . . (မှန်ပါ့) မကြည့်ရ ဘူးလား. . . (ကြည့်ရပါတယ်ဘုရား)။

လက်ရာ-ခြေရာများ ရှိသလား၊ တက်ရာ-ဆင်းရာများ ရှိသလားနဲ့ . . . (မှန်ပါ့) ဘာလုပ်ကြရသတုံး. . . (အခြေအနေ သွားကြည့်ရပါတယ်ဘုရား)။

သွားသွားကြည့်ရတယ်. . . (မှန်ပါ့) သွားကြည့်တာနဲ့ တချို့ သူခိုးက ရိပ်မိဘို့ တူးသွားတာတွေလည်း တပုံကြီးပဲ. . . (မှန်ပါ့) ဒီလိုဟာတွေကလည်း ရှိသေးတယ်. . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ စောင့်ရှောက်ပြီနော် . . . (မှန်ပါ့) တဏှာဒိဋ္ဌိနဲ့ စောင့်ရှောက်တယ်. . . (မှန်ပါ့) ဒါဖြင့် **မစ္ဆရိယံ ပဋိစ္စ အာရက္ခော**၊ စောင့်ရှောက်ပါပြီတဲ့၊ မစ္ဆရိယကြောင့် အာရက္ခဆိုတဲ့ စောင့်ရှောက်မှုလာတယ် . . . (လာပါတယ်) သဘောကျပလား. . . (ကျပါပြီဘုရား)။

အာရက္ခဆိုတဲ့ စောင့်ရှောက်မှုကြောင့် ကဲကွာ. . . ဒို့အရင်လိုနေလို့ မတော်ကြဘူး၊ သေနတ်ကလေး ဘာကလေး လိုင်စင်ယူဦးမှပဲ၊ ဒီရောက်တယ်. . . (မှန်ပါ့) မရောက်ဘူးလား၊ ရောက်သလား. . . (ရောက်ပါတယ်ဘုရား)။

## ၉။ သတ္တာဒါနဆိုတာလက်နက်ထားတာ

ရောက်ပြီတဲ့၊ ဒါကြောင့် မြတ်စွာဘုရားက **"အာရက္ခာနံ ပဋိစ္စသတ္ထာဒါနံ"** ကွတဲ့. . . (မှန်ပါ့) ညီတော်အာနန္ဒာ မင်း-မသိဘူးတဲ့ ဒီလက်နက်ထားတာ ဘာဖြစ်လို့လဲ. . . (စိတ်ချရအောင် လို့ပါ) ညီတော်အာနန္ဒာကို ပြောနေတယ်. . . (မှန်ပါ့)။

ကဲ. . . အခုလက်နက်ထားတာ ဒကာကြွယ်ရိပ်မိပလား . . . (ရိပ်မိပါပြီ) လက်နက်မရမှာစိုးလို့ ကိုယ့်အမြတ်တော်ကြေး မကျသေးလို့ရှိရင် အမြတ်တော်ကြေးကလေးတောင် နည်းနည်း သွားဆောင်လိုက်တယ်. . . (မှန်ပါ့) ဘာဖြစ်လို့တုံး၊ လက်နက်မရ မှာစိုးသကိုး. . . (မှန်ပါ့ဘုရား) ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)။

## ၁၀။ တုတ်၊ သေနတ်လက်နက်

ဒကာကြွယ်ရေ. . . ဒီဥစ္စာက အတော်ဆိုးသနော် . . . (ဆိုးပါတယ်ဘုရား) ဘယ့်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျ

တော့မှ ဒကာ ဒကာမတို့ မစ္ဆရိယကြောင့် အာရက္ခ ဆိုတဲ့ အစောင့်အရှောက်လိုလာတယ်. . . (လိုလာပါတယ် ဘုရား)။

အဲဒါကြောင့် ဓားတို့၊ လက်နက်တို့၊ တံခါးတို့ အမျိုးမျိုး အဖုံဖုံလုပ်မလာဘူးလား. . . (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဓား၊ တုတ်၊ လက်နက်၊ သေနတ် အစရှိသည်တို့ ဒကာ ဒကာမတွေမှာ အဆင်သင့်ဖြစ်ပြီး တံခါးတွေ အထပ်ထပ်၊ အမျိုးမျိုးအဖုံဖုံလုပ်ကြတာဟာ ဘယ့်နှယ်ကြောင့် လုပ်ဖြစ်ပါလိမ့် မတုံးလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား) ဒီဘက် သူ့အကြောင်းနောက်ပြန်တွေး. . . (မှန်ပါ့) မတွေးထိုက် ဘူးလား . . . (တွေးထိုက်ပါတယ်ဘုရား)။

## စောင့်ရှောက်လိုတဲ့စိတ်ကြောင့်

ဒါဖြင့် ဒကာ ဒကာမတို့စောင့်ရှောက်လိုတဲ့စိတ်ကြောင့် ဓား၊ တုတ်တွေဆောင်ရတယ်. . . (မှန်ပါ့)။

ဓား၊ တုတ်တွေ ဘယ့်နှယ်ကြောင့် ထားပါလိမ့်. . . (စောင့်ရှောက်လိုတဲ့စိတ်ကြောင့် ထားရပါတယ်ဘုရား)။

စောင့်ရှောက်ချင်တဲ့စိတ်က ဘယ်ကလာလိမ့်မတုံး၊ ပျောက်မှာပျက်မှာ စိုးတဲ့စိတ်က လာတယ်၊ ဘယ်ကလာတာတုံး၊ ဟော . . . မစ္ဆရိယကလာတယ်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

မဇ္ဈိမ ဘယ်ကလာပါလိမ့်မတုံး. . . လို့ မေးလို့ရှိရင် ဒီပြောင်းပြန်လှည့်ရာ အကုန်သွားမယ်. . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

## နောက်ဆုံးပိတ်ခန္ဓာပြန်ရောက်မယ်

ဒါဖြင့် နောက်ဆုံးပိတ် ဘယ်ပြန်ရောက်မယ်ထင်သတုံး၊ ခန္ဓာပြန်ရောက်မယ်. . . (မှန်ပါ့-ခန္ဓာပြန်ရောက်ပါမယ်ဘုရား) ခန္ဓာအတွက်လေ. . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ အလုံးစုံအကုန်ခင်ဗျားတို့သည် ကားလို့ဆိုလို့ရှိရင်ဖြင့် လက်နက်ဆောင်တာသည် အိမ်မှာ တံခါး တွေ လုံခြုံအောင်ပြန်ပြီးသကာလ အရင်မူနဲ့မတော်ဘူး၊ နောက်မူ ပြန်လုပ်မှပဲဆိုတဲ့ အသွားတွေဟူသရွေ့ဟာလည်း ခင်ဗျားတို့ သည် ဘယ်အကျိုးငှာ လုပ်ပါလိမ့်မလဲလို့ ဒကာသစ် မေးဖို့မလို ဘူးလား. . . (လိုပါတယ်ဘုရား) ဒီ-စောင့်ရှောက်မှု အလိုရှိလို့ . . . (မှန်ပါ့)။

## မဇ္ဈိမ ဘယ်ကလာသတုံး

စောင့်ရှောက်မှု ဘယ်ကလာသတုံး မေးလို့ရှိရင် ဘယ့် နှယ်ဖြေပါ့မလဲ. . . (မဇ္ဈိမကပါဘုရား) မဇ္ဈိမဘယ်ကလာပါ လိမ့်မလဲလို့ မေးလို့ရှိရင် ကိုယ့်ပစ္စည်းအလွန်နှစ်သက်လို့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် အလွန်နှစ်သက်တဲ့သဘော ဖြစ်ရပါလိမ့်မတုံးဆိုတော့ အို. . . ဝေပုံကျထားတာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဝေပုံကျထားတာတုံး. . . ဆိုတော့ ရလို့. . . (မှန်ပါ့) ရတာ ဘယ်ကရသတုံးဆိုတော့ ရှာလို့. . . (မှန်ပါ့) ရှာတာ ဘာနဲ့ရှာသတုံးမေးတော့. . . (တဏှာနဲ့ ရှာပါတယ်ဘုရား) တဏှာ ဘယ်ကထွက်လာပြီး ရှာသတုံးမေးတော့. . . (ခန္ဓာကထွက်ရှာပါတယ်ဘုရား)။

## ဖုံးလိုက်ဖိလိုက်သေးတယ်

အဲဒီတော့ ဒကာ ဒကာမတွေက ဖုံးလိုက်, ဖိလိုက်သေးတယ်. . . (မှန်ပါ့) အိမ်လည်း လုံလို့ လက်နက်တွေ ဘာတွေနဲ့လည်း စောင့်လို့ရှောက်လို့ဟုတ်လား. . . (မှန်ပါ့) အမျိုးမျိုး အဖုံဖုံတွေ ကျုပ်တို့လုပ်ပြီးထားတာ ရှာနေတာ တခြားတော့ မဟုတ်ပါဘူး၊ ကိုယ့်အတွက်တော့ စားချိန်လည်း မရှိပါဘူး၊ နေချိန်လည်း မရှိပါဘူး၊ လျှို့ တန်းဖို့ပါပဲ. . . (မှန်ပါ့) ဒါကြီး အကုန်ဖုံးပစ်လိုက်တယ်. . . (မှန်လှပါ)။

ဒီပဋိစ္စသမုပ္ပါဒ်ဘာဖြစ်ပစ်လိုက်သလဲ. . . (ဖုံးပစ်ပါတယ်ဘုရား) ရော. . . ခင်ဗျားတို့ပဋိစ္စသမုပ္ပါဒ်ဖုံးလို့ရတာလား ဒကာ ဒကာမတို့ အကြောင်းအကျိုးဆက်နေတာလား. . .

(အကြောင်းအကျိုးဆက်နေတာပါဘုရား) ဖုံးလို့ရရဲ့လား. . . (မရပါဘုရား)။

## သာခုခေါ်လိုက်သေးတယ်

အဲဒါ ဒကာကြွယ်တို့က မသိတော့ အင်း. . . သူတို့ရှာနေတာက သူတို့ စားချိန်တော့ မရှိဘူးဟော့၊ အခုအလှူတွေက တန်းလန်း၊ ကျောင်းဆောက်နေတာကတန်းလန်း၊ ဘုရားတည်နေတာကတန်းလန်း၊ ရေကန်တူးနေတာက တန်းလန်း၊ ဒါ့ကြောင့် ရှာနေတာ သာခု. . . သာခုတဲ့၊ အံမာ. . . သာခုများ ခေါ်လိုက်သေးတယ်. . . (မှန်ပ့ါ) သူ့အိမ်သွားကြည့်တော့လည်း လက်နက်တွေနဲ့. . . (မှန်ပ့ါ) ဘယ့်နှယ်ဆိုကြမလဲ။

တချို့အိမ်သွားကြည့်တော့ ဘယ့်နှယ်ဆိုပ့ါမလဲ. . . (လက်နက်တွေနဲ့ပါဘုရား)။

ဘယ့်နှယ်ကြောင့် ဒီလက်နက်တွေ ထားပါလိမ့်မလဲဆိုတော့ ပျောက်မှာစိုးလို့. . . (မှန်ပါ-ပျောက်မှာစိုးလို့ပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

## အင်မတန်ဆိုးနေတယ်

ဘာများပျောက်မှာစိုးသတုံးဆိုတော့ မစ္ဆရိယရှိလို့. . . (မှန်ပ့ါဘုရား) ဒါများ သာခုခေါ်တယ်. . . (မှန်လှပါ)။

ဒကာကြွယ်ကော ခင်ဗျားခေါ် ဘူးသလား. . . (ခေါ်ဘူး ပါတယ်ဘုရား) ဟာ. . . သွားပြီပေါ့၊ ခင်ဗျား သာခုခေါ် လိုက် တာ ဟိုလူ ထိုးချလိုက်တာပဲ. . . (မှန်ပါ့) အင်မတန် ဆိုးနေတယ် ဆိုတာပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## တဏှာမူလက (၉) ချက်

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဥစ္စာ တဏှာမူလက ၉-ချက်ဆိုတာ ၁-၂-၃-၄-၅-၆-၇-၈-၉ ပေါ့ဗျာ. . . (မှန်ပါ့ဘုရား) တဏှာအကြောင်းရင်းခံပြီး ၉-ချက်ဖြစ်တယ်. . . (မှန်ပါ့)။

ဘုရားက မင်းတို့တခြားပဋိစ္စသမုပ္ပါဒ်မှတ်မနေနဲ့၊ ညီတော် အာနန္ဒာဒီဥစ္စာ အိမ်တွင်းကနေပြီး အပါယ်သွားတဲ့ ပဋိစ္စ သမုပ္ပါဒ်ကွတဲ့. . . (မှန်ပါ့) ကဲ. . . ဟောထိုက်, မဟောထိုက် . . . (ဟောထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီပဋိစ္စသမုပ္ပါဒ်နားလည်ပလား . . . (နားလည်ပါပြီဘုရား) မပြောပါနဲ့ ကိုယ်တိုင်လုပ်နေတာပါ ဘုရား၊ နားလည်ရုံတွင်မကဘူး. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဦးသန်းမောင် ဘယ့်နှယ်လုပ်နေသလဲ. . . (ကိုယ်တိုင် လုပ်နေတာပါဘုရား) ကိုယ်တိုင်လုပ်နေတာ၊ နားလည်ရုံမကပါ ဘူးဘုရား၊ ဒါ. . . လက်တွေ့ပါ. . . (မှန်လှပါ) ရှင်းပလား. . .

(ရှင်းပါပြီဘုရား) အတော်မဆိုးဘူးလား. . . (ဆိုးပါတယ် ဘုရား)။

သို့သော်. . . ဘယ်တော့မှ ဒီကြားမှာ ဝိပဿနာဝင်မယ်လို့ လာကိုမလာဘူး. . . (မလာပါဘုရား) လာကြရဲ့လား. . . (မလာပါဘုရား)။

## ဘယ်တုန်းကမလာဖူးတာတုံး

ဒီလို မလာတာကလည်း ဒကာကြွယ် ဘယ်လောက်ကြာပြီတုံး. . . (မရေတွက်နိုင်ပါဘုရား) အစ,ကတည်းက မလာဖူးပါဘူးဗျာ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဘယ်တုန်းက မလာဖူးတာတုံး. . . (အစ,ကတည်းကပါ) အစ,ကတည်းက မလာဖူးဘူးဆိုလို့ရှိရင်ဖြင့်, ဒီပဋိစ္စသမုပ္ပါဒ်ပေါင်း ဒကာကြွယ် ဘယ်လောက်ရှိပြီတုံး. . . (မရေတွက်နိုင်ပါဘုရား)။

ကဲ. . . တက်လမ်းကိုမပါဘူး. . . (မပါ-ပါဘုရား) ဒကာကြွယ် ဘယ့်နှယ်တုံး. . . (တက်လမ်းကို မပါ-ပါဘုရား) အဲ့ဒါ ခင်ဗျားတို့မှာ အားလုံးတရားနာကြတာက ဒီကြွေးတွေလူတိုင်းရှိတယ်. . . (ရှိပါတယ်ဘုရား)။

နည်းနည်းရှိတဲ့လူလည်း ဒီပဋိစ္စသမုပ္ပါဒ်ပါတာပဲ. . . (ပါ-ပါတယ်) များများရှိတဲ့လူလည်း. . . (ပါ-ပါတယ်) အလတ်စားရှိတဲ့ပုဂ္ဂိုလ်လည်း. . . (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဒီအိမ်တွင်းကနေ အပါယ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ ဒကာသစ် နည်းသလား. . . (မနည်းပါဘုရား)။

## ဖြစ်တာနဲ့စာရင် အဟောနည်းတယ်

ဒါဖြင့် ဘုရားကဟောတယ်၊ လူတစ်သိန်းသေလို့ နတ်ရွာသုဂတိ တစ်ယောက်မှမရောက်ဘူးလို့ ဟောတယ်. . . (မှန်ပါ့) ခင်ဗျားတို့က ဘုရားကို အပြောကြီးတယ်ဆိုမလား၊ တပည့်တော်တို့ဖြစ်တာနဲ့စာရင် အဟောနည်းတယ် ဆိုကြမလား . . . (အဟောနည်းပါတယ်) ရိပ်မိပြီလား . . . (ရိပ်မိပါပြီ) ဖြစ်တာနဲ့စာရင် အဟောနည်းတယ် . . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီဟာတွေ ခင်ဗျားတို့ကို ဒီဆရာဘုန်းကြီးက ဒီဖြတ်လမ်းကို မပြတော့ပါဘူးဆိုရင် ဒီကြွေးဟောင်းဟာ ခင်ဗျားတို့မှာ မနည်းတော့ပါဘူး. . . (မနည်းပါ) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ဒီကြွေးလွတ်တဲ့လူမပါဘူး

ဒီကြွေးလွတ်တဲ့ ဒကာ ဒကာမ ဒီအထဲမှာ တစ်ယောက်မှမပါဘူး. . . (မပါ-ပါဘုရား) ဒီ ပဋိစ္စသမုပ္ပါဒ် ကြွေးတွေဟာလေ. . . (မှန်ပါ့) တစ်ယောက်ပါရဲ့လား. . . (မပါ-ပါဘုရား) ပေါ်ကြပြီ. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဒီကြွေးကို ခင်ဗျားတို့ ဩော် . . . တပည့်တော်ဖြင့် ပန်းကလေးလှူပါ၏, အပါယ်လေးပါးဖြင့် မရောက်ပါရစေနဲ့၊ ဟို ပဋိစ္စသမုပ္ပါဒ်က အောင်မြင်ပြီးပြီ. . . (မှန်ပါ့ဘုရား)။

## မိုးကြိုးပစ်တာ ထန်းဖလက်နဲ့ကာလို့မရ

အင်း. . . ချမ်းသာတယ်၊ ချမ်းသာတဲ့အခါကျလို့ ရှိရင်ဖြင့် ကဲကွာတစ်လ, တစ်ကြိမ်၊ တစ်လ, သုံးကြိမ်လောက် ဒို့ဆယ်ပါးစီ ဆဲ့ငါးပါးစီ, နှစ်ဆယ်စီလောက် ကိုယ်အကြောင်း ညီညွတ်တဲ့အခါ ဆွမ်းကလေးကျွေး၊ ဒါဟာကိုယ့်ကို ကယ်မည့်သူ, ယူမည့်သူပေါ့. . . (မှန်ပါ့ဘုရား)။

အင်း. . . ဆွမ်းက တစ်လလုံးသုံးကြိမ်ရယ်၊ သူ့ပဋိစ္စသမုပ္ပါဒ်က တစ်နေ့ဘယ်နှစ်ကြိမ်တုံး. . . (မရေတွက်နိုင်ပါဘုရား)။

မရဘူး. . . မရဘူး၊ မိုးကြိုးပစ်တာ ထန်းဖလက်နဲ့ကာလို့ မရဘူး. . . (မှန်ပ့ါ) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

မိုးကြိုးပစ်တာကို. . . (ထန်းဖလက်နဲ့ ကာလို့မရပါ) မရဘူး. . . မရဘူး၊ ဝိပဿနာမှရမယ်. . . (မှန်ပ့ါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဝိပဿနာနဲ့ကာကွယ်မှရမယ်

ဝိပဿနာကတော့ ဒကာ ဒကာမတို့ မှတ်လိုက် စမ်းပါတဲ့ကုသိုလ်ရော, အကုသိုလ်ရော၊ မကောင်းတဲ့အကုသိုလ်ရော, ဘုံဘဝအကျိုးပေးမည့် ကုသိုလ်ရော သူကစွန့်တယ်. . . (မှန်ပ့ါ) အပါယ်သွားမည့် အကုသိုလ်လည်း. . . (စွန့်ပါတယ်ဘုရား)။

အဲ. . . ဝိပဿနာနဲ့ ကာကွယ်မှရမယ်. . . (မှန်ပ့ါ) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့

သာဓု . . . သာဓု . . . သာဓု . . . ။